www.burmeseclassic.com

လူကြီးလူငယ်အရွယ်မရွေးဖတ်ရှုနိုင်ကြရန်
ခေတ်သုံးစကားပြေဖြင့်ရေးသားစီစဉ်အပ်သော

# ငါးရာ့ငါးဆယ်
# နိပါတ်တော်

## လက်ရွေးစင်ဝတ္ထုများ

၃

မိန်းမတို့အကြောင်း
အဆိုးအကောင်း

ဇာတ်ဝတ္ထုပေါင်း (၁၁) ပုဒ်
(တတိယအကြိမ်)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

သက်သာစာစဥ်အမှတ် (၃)

# ဦးလှခင် (ဆန်းသွန့်ဦး) စီရင်သော

ခေတ်သုံးစကားပြေ

# ငါးရာငါးဆယ်

# နိပါတ်တော်

## လက်ရွေးစင် ဝတ္ထုများ

## မိန်းမတို့အကြောင်း

## အဆိုးအကောင်း

တတိယအကြိမ်

စာတ်တော်ပေါင်း (၁၁) ပုဒ်

ဖြည့်လုံးကျွတ်ဖြန့်ချိရေး

ဒေါ်အေးတင်နှင့်သားများ
စကြာအေးစာပေ
အမှတ် - ၂၂၆၊ ၃၈ - လမ်း၊
ရန်ကုန်မြို့။

တင်တင်အေး
ပိဋကတ်စာပေ ဖြန့်ချိရေးဌာန
အမှတ် - ၁၄၄၊ ရွှေတိဂုံဘုရားလမ်း
ကောင်းဘတ်စေရှေတော်ရုံ၊ ရန်ကုန်မြို့။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၅၅၀–အမှတ် ၃
စာမူခွင့်ပြုချက်အမှတ် (၈၆/၉၄) (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၆၅/၉၄) (၉)

၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ (ပထမအကြိမ်)
အုပ်ရေ – ၁၀၀၀
တန်ဖိုး – [illegible] ကျပ်

မျက်နှာဖုံးနှင့် အတွင်းသားရိုက်
ဒေါ်ချိုတီမာ (၀၅၁၇၄)
ချိုအောင်ဖိုဆက်ပုံနှိပ်တိုက်
၄၈၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်တင်တင်အေး
(၀၂၀၃၃)
တင်တွင်အေး ပိဋကတ်စာပေ၊ အမှတ် ၁၄၊
ရွှေတိဂုံဘုရားဈေးတော်ရုံ၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

## မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပဏာမနှင့်ဂါရဝ | ၆ |
| | အာသီသ (နိဒါန်း) | ၇ |
| | မှိုင်းမြင်းပြကျမ်းများ | ၈ |
| ၁။ | ကေနိပါတ် ဇာ ၁၃၊ ကဏ္ဍိဇာတ် မ,ကို မက်၍ အသက်သေရသောဝတ္ထု မ,ကိုကြိုက်၍ အငိုက်မိသော ၁ိမင်ဇာတ် | ၉ |
| ၂။ | ကေနိပါတ် ဇာ ၁၄၊ ဝါတမိဂဇာတ် ပျော့ကွက်ကိုရှာ မာယာနှင့်မှုားသည့်ဝတ္ထု ရသတဏှာမက်မောရှာ၍ ထောင်ချောက်မှာ မိသော သမင်ပျိုဇာတ် | ၁၂ |
| ၃။ | ကေနိပါတ် ဇာ ၆၃၊ တက္ကပဏ္ဍိတဇာတ် လင်ကိုသတ်ရန် မိန်းမညာကျဝတ္ထု ခိုးသူကိုမက်၍ လင်ကြီးကို သတ်ခိုင်းသော မိန်းမဇာတ် | ၂၃ |
| ၄။ | ကေနိပါတ် ဇာ ၆၇၊ ဥစ္ဆင်္ဂဇာတ် ပညာရှိသောမိန်းမဝတ္ထု လင်နှင့်သား၊ မောင် သုံးယောက်၏အသက် ရွေးချယ်မှန်ကန်သော ပညာရှိမိန်းမဇာတ် | ၂၇ |

www.burmeseclassic.com

www.burmeseclassic.com


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၅။ | ကောနိပါတ် ဇာ ၆၆၊ မုဒုလက္ခဏဇာတ်<br>ပညာရှိကိုပင် တရားရစေသောမိန်းမဝတ္ထု<br>ခြေသလုံးပေါ်တာ မြင်ကာမျှဖြင့် ဈာန်လျှော<br>ကျရသော ရသေ့ကို ပညာပြသည့်<br>မိဖုရားကြီးဇာတ် | ၃၃ |
| ၆။ | ဒုကနိပါတ် ဇာ ၁၉၃၊ စူဠပဒုမဇာတ်<br>ပဒုမမင်းသားနှင့်ပေါင်တိုဝတ္ထု<br>လင်ကြီးကိုပစ်၍ ပေါင်တိုကိုချစ်သော<br>မိန်းမဇာတ် | ၃၉ |
| ၇။ | တိကနိပါတ် ဇာ ၂၆၃၊ စူဠပလောဘနဇာတ်<br>မိန်းမ၏အနံ့ကို မခံနိုင်သောမင်းသားဝတ္ထု<br>မိန်းမအကြောင်း ကောင်းမွန်းသိမှ<br>ယောက်ျားရှိသမျှသတ်သော မင်းသားဇာတ် | ၄၉ |
| ၈။ | ဒွါဒသကနိပါတ် ဇာ ၄၇၂၊ မဟာပဒုမဇာတ်<br>မိန်းမယုတ်ဝတ္ထု<br>သူ့အလိုကိုမလိုက်၍ ကုန်းချောသော<br>မိထွေးဇာတ် | ၅၁ |
| ၉။ | ပကိဏ္ဏကနိပါတ် ဇာ ၄၈၅၊ စန္ဒကိန္နရီဇာတ်<br>သစ္စာရှိလှသော မိန်းမဝတ္ထု<br>တော်လေးဝဝင် စန္ဒကိန္နရီဇာတ် | ၆၄ |
| ၁၀။ | ဧကနိပါတ် ဇာ ၁၂၈၊ ဂန္ဓမောစနဇာတ်<br>ခြောက်ဆယ့်လေးနှင့်မျောက်မွေးမျှော်သူဝတ္ထု<br>အမတ်ခြောက်ဆယ့်လေးယောက်နှင့်<br>မျောက်မွေးသော မိဖုရားဇာတ် | ၇၅ |
| ၁၁။ | သတ္တကနိပါတ် ဇာ ၄၁၆၊ ပရန္တပဇာတ်<br>မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိဝတ္ထု<br>တောတွင်း၌ ကျွန်နှင့်ဖောက်ပြားပြီး<br>လင်ကြီးကို သတ်စေသည့် မိဖုရားဇာတ် | ၇၉ |


လက်ရွေးစဉ် အမှတ်(၃)ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com

### ပဌမတွဲ

❋ သုံးပါးရတနာ၊ မြတ်ဆရာနှင့်၊
နှစ်ဖြာမိဘ၊ များလှကျေးဇူး၊
ဂုဏ်အထူးကို၊ ကြည်နူးသဒ္ဓါ၊
ဝန္ဒနာဖြင့်၊ ဦးစွာရိုကျိုး၊
ကျွန်ုပ်ရှိခိုးကာ၊ ဤစာကျမ်းမြတ်၊
ပြုစုအပ်သည် နိဗ္ဗာန်ပြည်သို့၊
ရည်သတည်း။ ။

### ဒုတိယ

❋ ချွတ်ယွင်းတိမ်းဝါး ... တွေ့ခဲ့ကြားသော်
စိတ်ထားသဒ္ဓါ ... စေတနာဖြင့်
ညွှန်ပါမည့်ကြောင်း ... ကျွန်ုပ်ခွင့်တောင်းသည်
ညွှတ်ပျောင်း,ခယ ... ယမ်းယမ်းတည်း။ ။

(အမျိုးသားပညာဝန် ဦးဖိုးကျား၏ ငါးရာ့ငါးဆယ် ကောက်နုတ်ချက် နိဒါန်းမှ)

---

### ကျေးဇူးတင်လွှာ

အကျွန်ုပ်၏ ကာယအား၊ ဉာဏအား၊ ဝီရိယအားတို့ဖြင့် ပြုစုအပ်သော ဤလက်ရွေးစင်ဓမ္မပဒနှင့် ငါးရာ့ငါးဆယ် လက်ရွေးစင် စာအုပ်များကို စကြာအေးစာပေမှ (မူပိုင်) ဝယ်ယူသဖြင့် ကျွန်ုပ်ဝိသကြီးရှိထင်ရှား ရှိစဉ်ကာလ၌ အလှူဒါနများ ပြုလုပ်ခွင့်ရသဖြင့် စကြာအေးစာပေအား ကျေးဇူးတင်ရှိပါကြောင်း။

ဦးလှခင် – ဆန်းညွှန့်ဦး

# အာသီသ

### နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ငါးရာ့ ငါးဆယ် ဇာတ်တော်များသည်
မြန်မာ့ ယဉ်ကျေးမှု၏ ဖင်မဲ့ ရေသောက်မြစ်ဖြစ်၏။
လောကီအကျိုးကိုလည်း တိုးပွားစေ၏။
လောကုတ္တရာ အတွက်လည်း တိုးပွားစေ၏။
ကျောင်းသားအရွယ် သားငယ်၊ သမီးငယ်များ
သားလိမ္မာ၊ သမီးအလိမ္မာများ ဖြစ်ကြစေရန်၊
ခေတ်သုံး စကားပြေဖြင့် စီရင်ရေးသားပြီး
လူကြီး လူငယ် မရွေး ဖတ်ရှုနိုင်ကြစေရန်၊
ဆင်းရဲချမ်းသာမရွေး ဖတ်ရှုနိုင်ကြစေရန်၊
သင့်လျော်ရာ ဇာတ်ဝတ္ထုများကို၊
"လက်ရွေးစင်"အဖြစ် ရွေးချယ်ကာ
စိတ်ဝင်စားဖွယ်ရာ သရုပ်ဖော်ပုံများနှင့်အတူ
[illegible]ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## မှီငြမ်းပြုကျမ်းများ

(၁) မင်္ဂလာဘုံကျော် ညောင်ကန်ဆရာတော် ပြန်ဆိုရေးသားတော်မူသော ငါးရာ့ငါးဆယ် ဇာတ်တော်ကြီး ဝတ္ထု (ငါးတွဲ)၊ ဂန္ဓမာ ပုံနှိပ်တိုက်၊ ၁၉၆၈ ခုနှစ်။

(၂) မင်္ဂလာဘုံကျော် ညောင်ကန်ဆရာတော်၊ သုဓမ္မဝတီ (ငါးတွဲ)၊ သုဓမ္မဝတီပုံနှိပ်တိုက်၊ ၁၃၃၈ – ခု (ပဥ္စမအကြိမ်)။

(၃) သီးပန်းနီဆရာတော် ငါးရာ့ငါးဆယ် ဇာတ်ကမ္ပည်းကာဝိမန္ဒနမေဒနီကျမ်း၊ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့။

(၄) ငါးရာ့ငါးဆယ် နိပါတ်တော် စကားပြေ (၉)တွဲ၊ (ပထမကျော် ဦးကြီးဖေ) ဟံသာဝတီ ပုံနှိပ်တိုက်၊ ၁၉၅၈ – ခု။

(၅) ဇာတ်တော်ငါးရာ့ငါးဆယ်၊ ဦးမြင့်ဆွေ – မဟာဝိဇ္ဇာ (လန်ဒန်)၊ နဝရတ်စာပေ၊ (ဒီရုံ) ဈေးချို၊ မန္တလေးမြို့။ (စတုတ္ထအကြိမ်)။

(၆) နိပါတ်တော်လာ ဇာတ်တော် ငါးရာ့ငါးဆယ် (မာဃဝ)၊ နှလုံးလှစာပေ၊ ၁၉၈၄ – ခု (ပထမအကြိမ်)။

(၇) အမျိုးသားပညာဝန် ဦးဖိုးကျား၏ ငါးရာ့ငါးဆယ် ကောက်နုတ်ချက်များ (ပထမပိုင်း)၊ ခေတ္တရာစာပုံနှိပ်တိုက်။

(၈) အမျိုးသားပညာဝန် ဦးဖိုးကျား၏ ငါးရာ့ငါးဆယ် ကောက်နုတ်ချက်များ (ဒုတိယပိုင်း၊တတိယပိုင်း) မြန်မာ့ဂုဏ်ရည် စာပုံနှိပ်တိုက်၊ ကာလဘတ်လမ်း၊ ကန်တော်ကလေး၊ ၁၉၅၅ – ခု။

အထူးအားဖြင့် ညောင်ကန်ဆရာတော်၏ စကားပြေဝတ္ထုကြီး (၅)တွဲနှင့်၊ ဟံသာဝတီ ပထမကျော် ဦးကြီးဖေ၏ စကားပြေ (၉)တွဲကို အဓိကထား မှီငြမ်းပြုခဲ့ပါသည်။ ဆရာဦးမြင့်ဆွေ (မဟာဝိဇ္ဇာ) နှင့် မာဃဝတို့၏ ဇာတ်တော် ငါးရာ့ငါးဆယ်တို့မှလည်း အထောက်အကူပြု၍ ကျေးဇူးတင်ရှိပါကြောင်း။



# မိန်းမတို့အကြောင်း – အဆိုးအကောင်း

(ဇာတ်ဝတ္ထုပေါင်း ၁၁ပုဒ်)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။



### (၁) မက်မက်၍ အသက်သေရသူ

(ဇာ ၁၃။ ကဏ္ဍိဇာတ်)

ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် မယားဟောင်း ဖြားယောင်း၍ လူထွက်လိုသောရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောကြားတော်မူသည်။ ဤမယားဟောင်း ဖြားယောင်းခံရသော ဝတ္ထုအကျယ်ကို အဋ္ဌကနိပါတ် ဣန္ဒြိယဇာတ်၌ အကျယ် ဟောကြားတော်မူသည်ကို ဤ၌ ပြဆိုပါအံ့။

www.burmeseclassic.com

www.burmeseclassic.com



## ရသတကျာမက်မောရှာ၍

စည်းစိမ်ဥစ္စာ လယ်ယာရွှေငွေပေါများသော အမျိုးသား တစ်ယောက်သည် သာသနာ၌ ကြည်ညိုလှ၍ သားမယားနှင့်တကွ စည်းစိမ်ဥစ္စာများပါ စွန့်လွှတ်၍ သာသနာဘောင်၌ ရဟန်းပြုခဲ့ သည်။

ထိုရဟန်းသည် ဆွမ်းခံကြွရာတွင် ဝါငယ်၍ နောက်ဆုံးမှ ကြွရသဖြင့် ဆွမ်းပြည့်စုံအောင်မရ၊ မဝတဝဖြင့်သာ နေရရှာသည်။ သို့ဖြင့် အကြံရ၍ မယားဟောင်း၏အိမ်ရှေ့၌ ဆွမ်းရပ်သည့်တွင် မယားဟောင်းက ဆွမ်းလောင်းရန် သပိတ်ကိုဖွင့်ရာမှ ဆွမ်း၊ ဆွမ်း ဟင်း မပြည့်မဝ ရှိသည်ကို မြင်လေလျှင် ကောင်းစွာသော ဆွမ်းခဲ ဖွယ် အာဟာရတို့ကို စီရင်လောင်းလှူလေသည်။

ထိုသို့ နေ့စဉ် ဆွမ်းဘောဇဉ် အာဟာရတို့ကို စီစဉ် လောင်း လှူသဖြင့်၊ ထိုရဟန်းသည် အခြားတစ်ပါးသို့ ဆွမ်းခံမကြွတော့ဘဲ မယားဟောင်းအိမ်သို့သာ ကြွလေ၏။

## ပရိယာယ်ပြုကာ စုံစမ်းရာတွင်

မယားဟောင်းသည် ဤရဟန်းကား ငါ့အပေါ် သံယောဇဉ် ပြတ်၊မပြတ် သိရအောင် စုံစမ်းမည်ဟု တစ်နေ့တွင် အခြားရွာမှ လူအချို့ကိုခေါ်ထားပြီး ညှော်ခံကျွေးမွေးလျက် အိမ်ရှေ့မှာလည်း ခရီးထွက်ရန် လှည်းနွားများ အသင့်ပြင်ဆင်ထား၏။ ဆွမ်းခံကြွ ချိန်ရောက်လျှင် အလုပ်များဟန် မီးဖိုထဲမှာ အလုပ်လုပ်နေ၏။

ထိုရဟန်းသည် ဆွမ်းခံလာ၍ ရပ်၏။



ညှော်သည် လူကြီးတစ်ယောက်က "ဆွမ်းခံကြွလာပြီ" ဟု မီးဖိုထဲလာ၍ပြော၏။ "ကန့်တော့ဆွမ်းလို့ လျှောက်လိုက်ပါ" ဟုပြော၏။ ညှော်သည်လူကြီးက "ကန်တော့ဆွမ်းပါ ဘုရား" ဟု လျှောက်သော်လည်း ရဟန်းက ရပ်မြဲရပ်နေ၏။ ထိုယောကျ်ား ကြီးလည်း "ကန်တော့ဆွမ်းပါ ဘုရား" ဟု လျှောက်ပြန်၏။ ရပ်မြဲရပ်နေ၏။ အကြိမ်ကြိမ် လျှောက်သော်လည်း မကြွ၍ အိမ်ရှင်မ အား ပြန်ပြောရာ၊ အိမ်ရှင်မ ထွက်လာပြီး ယခုမှ မြင်ဟန်နှင့် "ဦးကြီး၊ ဒါကျွန်မအရင်ယောကျ်ားလေ" ဟု အားရဝမ်းသာ အိမ်ပေါ်မှ ဆင်းသက်၍ သပိတ်ကို ယူပြီး အိမ်ပေါ်သို့ ပင့်၍ ဆွမ်း ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၏။

ဆွမ်းဘုဉ်းပေးပြီးလျှင် ...

"အရှင်ဘုရား၊အရှင်ဘုရားတော့ ဒီသာဝတ္ထိပြည်မှာပဲ ပရိနိဗ္ဗာန် စံရစ်ပါတော့၊ တပည့်တော်မတော့ အိမ်ထောင်မရှိက မတင့်တယ်၍ အိမ်ထောင်ပြုကာ အခြားရွာသို့ လိုက်ပါသွားပါတော့မည်။ အပြစ်ရှိ က သည်းခံတော်မူပါ" ဟု မျက်ရည်သုတ်ဟန်ပြုပြီး ဖြားယောင်းလေ၏။

## အသဲကွဲရချည်ရဲ့

ဤစကားကို ကြားရလျှင် ကိုယ်တော်အရှင်မြတ်မှာ အသဲ ကွဲရတော့မတတ် နှလုံးသား လေခတ်ပြီး ....

"ရှင်မ သင်နှင့်ခွဲ၍ မနေနိုင်ပါ၊ အိမ်ထောင်လဲ မပြုပါနှင့်၊ သွားလည်းမသွားပါနှင့်၊စ ငါ ယခုပင် လူထွက်၍ လာခဲ့မည်၊ ငါ့ အဝတ်ပုဆိုးတို့ကို သပိတ်ပေါ် တင်ပေးလိုက်တော့" ဟု ပြောကာ အဝတ်အစားများ ယူဆောင်၍ သွားပြီး ကျောင်းသို့ ပြန်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



## ဘုရားရှေ့မှောက်ရောက်သည့်အခါ

ကျောင်းသို့ရောက်လျှင် ဥပဇ္ဈာယ်ဆရာတို့ကို အကြောင်းစုံ လျှောက်ထားသဖြင့် မြတ်စွာဘုရားရှေ့တော်မှောက်သို့ ပို့ဆောင်ကြ၏။ မြတ်စွာဘုရားကလည်း လူထွက်လိုကြောင်း သိတော်မူလျှင် "ရဟန်း၊ ဤမိန်းမသည် ယခုအခါသာမဟုတ်၊ ရှေးကလည်း ဤမိန်းမကြောင့် အသက်ဆုံးရှုံးကာ မီးကျီး၌ ဖုတ်ကင်စားခြင်း ခံခဲ့ရဖူးပေပြီ။ ဘဝတစ်ပါး ခြားခဲ့သောကြောင့်သာ သင် မမှတ်မိခြင်း ဖြစ်သည်" ဟု အတိတ်ဇာတ်အကြောင်းကို ဟောကြားတော်မူသည်။

### အတိတ်ဇာတ်

### မိန်းမကိုကြိုက်၍ အဆိုက်မိသောသမင်

ရာဇဂြိုဟ်ပြည်၌ မာဂဓမင်း စိုးစံစဉ်...

ဘုရားလောင်းသည် တော၌ ရုက္ခစိုးဖြစ်၏။

မာဂဓပြည်သူတို့ ကောက်စိုက်၍ မှည့်သော အချိန်တွင် တောင်ခြေ၌နေသော သမင်တို့သည် ရွာအနီး ချဉ်းကပ်၍ ကောက်စပါးတို့ကို စားပြီး တောင်ခြေသို့ ပြန်သွားလေ့ရှိ၏။ ထိုကာလတွင် မုဆိုးတို့က ထောင်ချောက်ဖြင့် လည်းကောင်း၊ လေးမြားတို့ဖြင့် ပစ်ခွင်း၍ လည်းကောင်း၊ သမင်တို့ကို သတ်ဖြတ် ဖုတ်ကင် စားသောက်လေ့ ရှိကြသည်။

ဤသို့လျှင် တောင်ခြေမှ ဆင်းသက်လာသော သမင်အုပ်မှ သမင်တစ်ကောင်သည် ရွာအနီးတွင် ကျက်စားနေသော သမင်မကို စွဲလမ်းနှစ်သက်သည်ဖြစ်၍ သမင်မနောက်သို့ တစ်ကောက်ကောက်



လိုက်နေ၏။ သမင်မလည်း ထိုသမင်သည် မိမိကို နှစ်သက်နေကြောင်းသိလျှင် မိန်းမတို့မာယာဖြင့် ဆွဲဆောင်ကာ သံယောဇဉ်ကြိုးဖြင့် တုပ်ချည်ထားခဲ့တော့သည်။

တောင်ခြေရှိ သမင်အပေါင်းတို့သည် ကောက်စပါးများ ဝလင်စွာ စားသောက်ကြပြီး လူတို့မတွေ့မီ တောင်ခြေသို့ ပြန်ကြရာ သမင်မအပေါ် သံယောဇဉ် တွယ်မိရှာသော တောသမင်သည် အများနည်းတူ မပြန်နိုင်ရှာဘဲ သမင်မနောက်သို့ တကောက်ကောက် လိုက်မြဲ လိုက်နေလေသည်။

သမင်မက ကရုဏာသက်စွာ သတိပေးရှာပါ၏။

"အရှင်၊ သင်ကား တောတောင်မှာနေသော သမင်ဖြစ်၏။ ရွာအနီးမှာ ဘေးများလှ၏။ ငါ့နောက်သို့ မလိုက်ပါနှင့်" ဟု တား၏။ တောသမင်က မခွဲနိုင်မခွာရက် လိုက်မြဲ လိုက်၏။

သမင်နှစ်ကောင်လာသော လမ်းတွင် မုဆိုးတစ်ယောက်သည် ချုံနွယ်တစ်ခုအတွင်းမှ လေးမြားတို့ကို အသင့်ပြင်ကာ ချောင်းမြောင်း၍ နေ၏။ သမင်မသည် လူနံ့ရ၏။ မုဆိုးချောင်းနေသည့်အဖြစ်ကို သိ၏။ သမင်မိုက်ကား ဘာမျှမသိ၊ မရိပ်မိနိုင်ရှာ။

လူနံ့ရလျှင် သမင်မက သမင်မိုက်ကို ရှေ့မှ သွားစေပြီး မိမိက နောက်ကလိုက်၏။ မုဆိုးသည် မြားတစ်ချက်တည်းဖြင့် ရှေ့က သမင်ကို ပစ်လိုက်၏။ လဲကျသွား၏။ သမင်မသည် ခုန်လွှား လျက် လေကဲ့သို့ လျင်မြန်စွာ ပြေးလေ၏။

မုဆိုးသည် သမင်ကို ဖျက်၍ အသားကောင်းကို ကိုက်၍ မီးကင်စားပြီး သွေးရဲရဲနှင့် အသားတို့ကို ထမ်းယူသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## ရုက္ခစိုးနတ်၏ ဥဒါန်းစကား

ဘုရားလောင်းသည် ထိုတောအုပ်၌ ရုက္ခစိုးနတ် ဖြစ်၏။ ယိုအဖြစ်အပျက်ကို မြင်၍...

ဤသမင်မိုက် သေခြင်းသည် ကာမကို အလိုလိုက်၍ အငိုက်မိကာ သေရရှာခြင်းဖြစ်သည်။

* သူတစ်ပါးကို သေစေတတ်သည့် မြားလက်နက် ကိုင်သော ယောက်ျားကိုလည်း ကဲ့ရဲ့အပ်၏။
* မိန်းမကြီးစိုးသော အရပ်ကိုလည်း ကဲ့ရဲ့အပ်၏။ မိန်းမ အလိုသို့လိုက်သော သတ္တဝါတို့ကိုလည်း ကဲ့ရဲ့အပ်၏။

ဘုရားလောင်းသည် တစ်ဂါထာတည်းဖြင့် သုံးပါးသော ဂရဟာဝတ္ထုတို့ကိုပြ၍ တောကို ပဲ့တင်ထပ်စေ၏။

မြတ်စွာဘုရားသည် ဤဒေသနာတော်ကို ဆောင်၍ သစ္စာကို ပြသည့်၏ အဆုံး၌ သာသနာ၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိ၌ တည်လေ၏။

### ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| တောသမင်သည် | - | ငြီးငွေ့သောရဟန်း |
| သမင်မငယ်သည် | - | မယားဟောင်း |
| ရုက္ခစိုးသည် | - | ငါဘုရား ဖြစ်လာ၏။ |

ဟု ဇာတ်တော်ကို ပေါင်း၏။

* * * * *



## (၂) ပျော့ကွက်ကိုရှာ တဏှာနှင့်ရွှေးသောဝတ္ထု

(ဇာ - ၁၄။ ဝါတမိဂဇာတ်)



### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်... စူဠပိဏ္ဍပါတိက တိဿမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

ဤစူဠပိဏ္ဍပါတိကတိဿ မထေရ်၏ အကြောင်းကား...

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် တိဿ အမည်ရှိသော သူဌေးသားသည် ရဟန်းပြုလို၍ မိဘများထံ ခွင့်ပန်ရာ ခွင့်မပြုသဖြင့် ခွင့်မပြုလျှင် အသေခံတော့မည်ဟု အစာမစား၊ ရေမသောက်ဘဲ နေခဲ့လေရာ ခုနစ်ရက်မျှ ကြာသောအခါ သားချစ် မိခင်ကြီးသည် သားကိုသည်အတိုင်းထားက သေဆုံးတော့မည် အမှန်၊ သက်နှံစည်းခွင့်ပေးလိုက်လျှင်

www.burmeseclassic.com

www.burmeseclassic.com

အိမ်မှာ မရှိသော်လည်း အသက်ထင်ရှား မြင်နေရသေးသည်က တော်သေးသည်ဟု သဘောပေါက်ကာ ဖခင်ကြီးအား ရှောင်းဖျ၍ ရဟန်းဝတ်ခွင့် ပေးလိုက်လေ၏။ မကြာမီ မြတ်စွာဘုရားသည် သာဝတ္ထိပြည်သို့ ပြန်ကြွ၍ ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးရာ တိဿ ရဟန်းလည်း သာဝတ္ထိသို့ ပါသွား၏။ ရဟန်းဘဝရသည်မှ တိဿ ရဟန်းတော်သည် ရှုတင်, တစ်ဆယ့်သုံးပါးကို ကျင့်ကြံအားထုတ်၏။ အိမ်စဉ်ရပ်ကာ ဆွမ်းခံ၍စား၏။ ထို့ကြောင့် "စူဠပိဏ္ဍပါတိက တိဿမထေရ်" ဟု ထင်ရှား ကျော်ကြား၏။

## သားပြန်ရရေး လိုရာပေးမည်

မိခင်ကြီးသည် သားသေလျှင် မြင်ရတော့မည် မဟုတ်၊ ရဟန်းဝတ်လျှင် အသက်ရှိထင်ရှား မြင်တွေ့နေရသေးသည်ဟု သားကို ရဟန်းဝတ်ခွင့် ပေးလိုက်ပါသော်လည်း သား ရဟန်းသည် မြတ်စွာဘုရားနှင့်အတူ သာဝတ္ထိပြည်သို့ လိုက်ပါသွားသဖြင့် တစ်ပြည်တစ်ရွာခြား၍ သားကို မမြင်ရ မတွေ့ရလေသမျှ သောကတွေ ပွားနေရပြန်သည်။

ပို၍ဆိုးသည်ကား – ရာဇဂြိုဟ်ပြည်တွင် နက္ခတ်သဘင်ပွဲကြီး ကျင်းပနေလေပြီ၊ တစ်ပြည်လုံး အနားယူကြကာ ဝတ်ကောင်းစားလှတွေ အပြိုင်အဆိုင်ကြီး၊ လူပျိုအပျိုတွေ ချစ်သူရှာကြသော ရှင်ပွဲပျော်ပွဲကြီး ဖြစ်လေသည်။

မိခင်ကြီးသည် သားဖြစ်သူ နက္ခတ်သဘင်ပွဲတွင် ဝတ်ဆင်ခဲ့သော အဝတ်ပုဆိုးတို့ကို ရင်မှာပိုက်ကာ အိမ်ရှေ့သို့ ထွက်၍ သားအရွယ် သမီးအရွယ် အပျို, လူမျိုး[illegible] ပျော်ရွှင်နေကြသည်ကို ကြည့်၍ မျက်ရည်ကျနေရှာသည်။

"အမေ ဘာဖြစ်လို့ ငိုနေရတာလဲဟင်"

နက္ခတ်သဘင်ပွဲသို့ ဆင်နွှဲရန်လာသော ပြည့်တန်ဆာမကလေးက တယုတယ မေးရှာသည်။ ပြည့်တန်ဆာမဆိုရသော်လည်း အထက်တန်းကျကျ ငယ်ရွယ်နုနယ် ချောချောလှလှ။ အမေသည် ရင်ထဲရှိသမျှ ဖြစ်ကြောင်းကုန်စင် ပြောရင်း ငိုယို ပြန်သည်။ ပြည့်တန်ဆာမကလေးက ပါးချိုင့်ကလေး ပေါ်အောင် ပြုံးပြီး...

"အမေ့သား လူထွက်ပြီး အိမ်ပြန်ရောက်ရင် ဘာပေးမလဲ"

"သားအိမ်ပြန်ရောက်ပါစေ၊ ရှိသမျှ စည်းစိမ် ပုံအပ်ပါ့မယ်"

"တကယ်နော် အမေ"

"တကယ်ပါ သမီးရယ်၊ သားကိုသာ ရအောင် ခေါ်နိုင်ရင် သမီးနဲ့ ပေးစားပါ့မယ်၊ အခုလည်း လိုသမျှ ထုတ်ပေးပါ့မယ်"

ပြည့်တန်ဆာမကလေး၏ သန့်ပြန့်သော ရုပ်ရည်၊ ကြင်နာတတ်မှု၊ သွက်လက်မှု အရည်အချင်းကို အကဲခတ်မိသော အမေက သားကိုသာ ပြန်ရပါစေ၊ အားလုံး လိုက်လျောမည်ဟု ကတိပေးလိုက်သည်။

## မာယာယောင်ချောက်

ပြည့်တန်ဆာမကလေးသည် စူဠပိဏ္ဍပါတိက တိဿမထေရ် လူဖြစ်စဉ်က ဘယ်လိုဟင်းမျိုး ကြိုက်တတ်သည်၊ ဘယ်အဆင်း ဘယ်လိုအရောင် ကြိုက်တတ်သည်၊ စသည်ဖြင့် လိုလေသေးမရှိ

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းပြီး တိဿမထေရ်ကို သိသူတစ်ယောက်အား ခေါ်၍ ငွေကြေး၊ ရိက္ခာ အခြေအရံများပေးပြီး စေလွှတ်လိုက်၏။

ပြည့်တန်ဆာမကလေးသည် သာဝတ္ထိပြည်သို့ သွား၍ မထေရ်၏ ဆွမ်းခံလမ်းသို့ လှေ့လာပြီး ထိုလမ်းတွင် အိမ်တစ်လုံး ဆောက်ကာ နေ၏။ မထေရ်သည် အိမ်စဉ်အတိုင်း ဆွမ်းခံရပ်၏။ ပြည့်တန်ဆာမကလေးသည် ကိုယ်တိုင် ဆွမ်းလောင်း၏။ မထေရ်သည် အမိအိမ်တွင် စားရသော အရသာအတိုင်း စားရသောအခါ ရသတဏှာတွင် ငြိတွယ်လာ၏။ ထို ဒါယိကာမအိမ်သို့သာ စိတ်စော ဦးတည်သွားလျက်ရှိ၏။ သာယာသော အသံ၊ မွှေးကြိုင်သော နံ့သာ ရနံ့တို့ကိုလည်း ဖွဲ့နှောင်လေ၏။

ရက်ကြာလေ၊ ရသတဏှာမှာ နစ်မွန်းလေ၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံတို့၌ ငြိတွယ်နှောင်ဖွဲ့ မိနေပြီ ဖြစ်ကြောင်း ပြည့်တန်ဆာမကလေးက အတတ်သိလာသောနေ့တွင် မကျန်းမာယောင် ဆောင်၍ အိပ်ရာထဲတွင် လှဲနေ၏။ အိမ်နေလူတို့က "ဒါယိကာမသည် မကျန်းမာ၍ အရှင်ဘုရားကို "ဖူးမြင်ပါရစေ" ဟု ပင့်လျှောက်စေပါသည်ဘုရား" ဟု လျှောက်ကြားရာ မထေရ်သည် ဒါယိကာမလေး မကျန်းမာဟူသော စေဖြင့် အိမ်ခန်းတွင်းသို့ ရောက်အောင် သွား၏။ ထို့နောက် မာယာလေးဆယ် ကြွယ်ဝခဲ့သော ပြည့်တန်ဆာမ၏ ထောက်ချောက်တွင်း ကျဆင်းကာ လူဝတ်လဲရသည်အထိ ဖြစ်လာရ၏။ ထို့နောက်ကား ပြည့်တန်ဆာမသည် ရာဇဂြိုဟ်ပြည်သို့ ပြန်ခေါ်သွားလေသတည်း။

ထိုအကြောင်းကို ရဟန်းတို့သည် စည်းဝေးသဘင်၌ ပြောဆိုနေကြသဖြင့် မြတ်စွာဘုရားသခင်က "ရဟန်းတို့ ယခုမှသာ ပြည့်တန်ဆာမ၏ အလိုသို့ လိုက်သည်မဟုတ်သေး၊ ရှေးကလည်း



ပြည့်တန်ဆာမ၏ အလိုသို့ လိုက်ဖူးလေပြီ" ဟု အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။

## အတိတ်ဇာတ်

### ဝါတမိဂ – သမင်ပျို

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု၏။ မင်း၏ ဥယျာဉ်စောင့် အမည်မှာ သဉ္စယဖြစ်၏။ ထိုဥယျာဉ်သို့ သမင်ပျို တစ်ကောင်သည် ရောက်လာ၏။ သဉ္စယကို မြင်လျှင် ပြေး၏။ သမင်ပျိုကိုတွေ့လျှင် ချောက်၍မပစ်။

သမင်ပျိုဟူသည်ကား အလွန် လျှင်မြန်၏။ လူရိပ်ကို မြင်လျှင် ခုနစ်ရက်မလာ၊ ထိတ်လန့်မိလျှင် တစ်သက်လုံး ထိုအရပ်သို့ မလာတော့ပေ၊ ဤမျှ စည်းကမ်းကြီးလှသော သမင်မျိုးဖြစ်၏။

သမင်ပျို ဥယျာဉ်သို့ လာတတ်ကြောင်း မင်းကြီးသိလျှင် "သင် ဖမ်းနိုင်သလား" ဟု မေး၏။ "ပျားရည် အနည်းငယ် ရလျှင် နန်းတွင်းရောက်အောင် သွင်းပေးနိုင်ပါသည်" ဟု လျှောက်ထား၏။ ဘုရင်က ပျားရည်ကိုပေး၏။

### ရသာထောင်ချောက်

ဥယျာဉ်မှူးသည် သမင်ပျို စားလေ့ရှိသော မြက်ခင်းကို ပျားရည်အနည်းငယ် ဆွတ်ဖျန်း၍ ပေး၏။ ချိုမြသော မြက်တို့ကို စား၍ အခြားတစ်ပါးသို့ မသွား။ ဥယျာဉ်သို့သာ နေ့တိုင်း လာတော့၏။ ဥယျာဉ်မှူးသည် လူရိပ်ကို ပြ၍ပေး၏။ သမင်ပျိုသည် လူရိပ်မြင်သော်လည်း မြက်ချိုချိုစားရ၍ နေ့စဉ်လာ၏။ ဥယျာဉ်မှူး

www.burmeseclassic.com

www.burmeseclassic.com



နှင့် သမင်ပျိုတို့ နေ့စဉ် မြင်ရသောအခါ ရင်းနှီးလာ၏။ တဖြည်းဖြည်းနှင့် ဥယျာဉ်စောင့်လက်ထဲက ချိုမြသောမြက်ကို တရင်းတနှီး စားလာ၏။

ဥယျာဉ်မှူးက သမင်ပျိုသည် မိမိလက်ထဲက မြက်ကို စားကြောင်းသိလျှင် မင်းကြီးအား အကြောင်းကြား၏။ ဥယျာဉ်ဝမှ နန်းတော်အထိ ဖျာများကာစေပြီး သစ်ပင် ပန်း ဘလ်များဖြင့် ဖုံးအုပ်ထားစေ၏။ တစ်နေ့ထက်တစ်နေ့ ပျားရည်လူးမြက်တို့ကို ရေ့မှကြဲလျက် သွေးဆောင်ပြီး ခေါ်လာရာ မင်းအိမ်တွင်းသို့ ရောက်၏။

သမင်သည် လူတို့ကိုမြင်လျှင် သေဘေးကိုကြောက်၍ အလံ့တကြား ပြေးလွှား၏။ မင်းသည် နန်းတော်မှ ဆင်းလာပြီး ...

"အချင်းတို့ ရသတဏှာထက် ကြောက်စရာ ကောင်းလှသည့်အရာမရှိ၊ သင်တို့ ကြည့်ကြစမ်းပါ၊ လူမြင်ပင် မခံသော သမင်ပျိုအား သဥ္စယဥယျာဉ်မှူးသည် မြက်ချိုတည်းဟူသော ရသတဏှာဖြင့် နှောင်ဖွဲ့ ဖမ်းယူနိုင်ခဲ့ပေပြီ"

ဟု ရသတဏှာ၏ အပြစ်ကိုဟောပြီး သမင်ပျိုကို တောသို့ပြန်စေ၏။

ဇာတ်ပေါင်းသော်

ဝါတမိဂ သမင်သည် – စူဠပိဏ္ဍပါတိကမထေရ်
ဗာရာဏသီမင်းသည် – ငါဘုရား

ဟု ဇာတ်တော်ပေါင်း၏။

* * * * *



## (၃) လင်ကိုသတ်ရန် မိန်းဗျောက်

(ဇာ ၆၃၊ တက္ကပဏ္ဍိတဇာတ်)



ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်...

မိန်းမကြောင့် သာသနာ၌ ငြီးငွေ့သော ရဟန်းတစ်ပါးအား အကြောင်းပြု၍ အတိတ်ဇာတ်ကို ဟောကြားတော်မူသည်ကား....

<u>အတိတ်ဇာတ်</u>

### မာနကြီးသည့် သူဌေးသမီး

ရှေးရှေးအခါ ပြည်ဗာရာဏ၌ ဗြဟ္မဒတ်မင်း မင်းပြု၏။

ထိုပြည်မှ သူဌေးသမီး ဒုဋ္ဌကုမာရီသည် ဝင့်ဝါ၏။ မာန ကြီး၏။ ခက်ထန်၏။ မျက်မာန်ကြီး၏။ ယုတ်မာ၏။ အစေခံ ကျေးကျွန်များသာမက အရပ်ကပါ မုန်း၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ညနေတွင် ဒုဋ္ဌကုမာရကသည် အစေခံတို့နှင့် မြစ်ဆိပ်တွင် ရေချိုးကြ၏။ မိုးသည်းထန်စွာ ရွာရာမှ မိုးမှောင်ကြီးကျပြီး မိုးသက်လေပြင်းတို့ တိုက်သဖြင့် အစေခံတို့သည် ရေချိုးရာ၌ အလျင်အမြန် တက်လာကြ၏။ သူဋ္ဌေးသမီးမပါမှန်း သိသော်လည်း မှန်းတီးကြ၍ မသိဟန်ဆောင်ပြီး သေလိုသေဟု ထားပစ်ခဲ့ကြ၏။

## အသက်ရှင်ကာ ကယ်ခဲ့ရ

သူဋ္ဌေးသမီးသည် မိုးသက်မုန်တိုင်းကြားတွင် ကယ်ပါယူပါဟု အော်လျက် မြစ်အတွင်း၌ မျောလေရာ၊ မြစ်၏ အကြေကမ်းနား၌နေသော ရသေ့တစ်ပါးသည် အော်သံကို ကြား၍ သနားမေတ္တာဖြင့် မိမိအသက်ကို မငဲ့ကွက်ဘဲ ပြင်းထန်သော ရေစီးကို ကူးခတ်၍ ဆယ်တင်ခဲ့လေသည်။ နှစ်ရက် သုံးရက် ပြုစုကုသကျွေးမွေးထားပြီးနောက် ရသေ့က သူဋ္ဌေးသမီးအား အလိုရှိရာသို့ သွားရန် ပြောဆို၏။

သူဋ္ဌေးသမီး ဒုဋ္ဌကုမာရီက စဉ်းစား၏။ ဤတောလမ်းခရီးမှ ငါတစ်ယောက်ထီးတည်း မသွားဝံ့၊ ဘယ်ငယ်ဘယ်ဆီ သွားရမည်လည်း ခရီးလမ်းမသိ၊ ခရီးအကြားတွင် သစ်ကျား၊ မြွေဆိုး၊ ခိုးသားတို့ အန္တရာယ်များဖြင့် ငါတွင် အသက်ရှင်ဖွယ်ရာ လမ်းမရှိ၊ ဤရသေ့ထံမှာသာ အစဉ်အမြဲနေရန် ကြိုးစားတော့မည်ဟု စဉ်းစားပြီး မကျန်းမာသေး၍ ခရီးမသွားနိုင်သေးသဖြင့် ခေတ္တ ဆက်လက်နေပါရစေဟု တောင်းပန်၏။ ရသေ့လည်း သဘောရိုးမှတ်၍ ခွင့်ပြုကာ သစ်သီးများ ရှာကြံ ကျွေးမွေးထား၏။



ရက်အတန်ကြာသော် ရသေ့သည် ဒုဋ္ဌကုမာရီ၏ ဖြားယောင်းမှု ကျော့ကွင်းတွင် မိသွားရှာကာ ဈာန်လျှော၍ လူထွက်ပြီး လင်မယားအဖြစ် အတိအလင်း နေထိုင်ကြလေတော့၏။

ရက်ကြာလျှင် ဒုဋ္ဌကုမာရီက တောထဲမှာ မနေလိုဟုဆို၍ ရွာတစ်ရွာသို့ ပြောင်းရွှေ့ နေထိုင်ကြ၏။ ရသေ့လူထွက်သည် ရက်တက်ရည် (ဒိန်ချဉ်) ရောင်း၍ မယားကို လုပ်ကျွေးရှာ၏။ တက္ကပဏ္ဍိတဟု အမည်တွင်၏။

“ရက်တက်ရည်ဆိုသည်မှာ · ရေလေးပုံတစ်ပုံ ရောသော နို့ချဉ်ဖြစ်၏” ပါဒလေ – ရေလေးပုံတစ်ပုံ ရောသော နို့ချဉ်ကို၊ တက္က – တက္ကဟု၊ ဥစ္စတိ – ဆိုအပ်၏။ ပါဠိအဘိဓာန်)

## ချမ်းသာရာမှာ နားချင်ရှာ

တစ်နေ့တွင် ထိုရွာသို့ သူခိုးဓားပြများ ဝင်ရောက် လုယက်ကြ၏။ ပစ္စည်းအမြောက်အမြား ရလေ၍ ရွာသူရွာသားတို့ကို ပစ္စည်းများ သယ်ပိုးစေရန် ခေါ်ဆောင်သွားရာ တက္ကပဏ္ဍိတ၏ မယား မာနကြီးသော သူဋ္ဌေးသမီးလည်းပါ၏။

ထိုမိန်းမသည် အထုပ်အပိုး ရွက်၍ လိုက်သွားရလေရာ ခိုးသားတို့၏ အကြီးအကဲက ထိုမိန်းမ၏ အလှကို မျက်စိကျသည်နှင့် အခြားသူတို့ကို ပြန်လွှတ်ပြီး ထိုမိန်းမကို ပြန်မလွှတ်ဘဲ မယားအဖြစ် ယူထားလိုက်၏။

## နှင့် မယားစိတ်ကူးများ

တက္ကပဏ္ဍိတသည် ထိုအကြောင်းကို ကြားလေလျှင် ငါ့မယားသည် ငါ့ကို အလွန် ချစ်ရှာပါသည်။ ငါ့ကို မခွဲနိုင်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ငါသာသိသည်။ တစ်နည်းနည်းနှင့် လွတ်မြောက်အောင် ကြံဖန်ပြီး မကြာမီ ပြန်လာလိမ့်မည်" ဟု အသေအချာ မှတ်ယူပြီး ရွာဝမှ နေ့စဉ် စောင့်မျှော်နေရှာသည်။ (ချစ်လှလွန်ပြား၊ ငါ့မယားကား၊ ငါအားမျှသာ၊ ငါမှတခြား၊ သူတစ်ပါးအား၊ လားလားမခင်၊ စိတ်မှာထင်ခဲ့။)

မယားကမူ ငါသည် ခိုးသူကြီးထံ၌ ကောင်းမွန် ချမ်းသာစွာ နေရသည်။ ငါ့လင် တက္ကပဏ္ဍိတသည် တစ်နည်းနည်းဖြင့် ငါ့ကို ကြံဖန် ခေါ်ယူလျှင် ငါ့မှာ ယခုလို ချမ်းချမ်းသာ နေရမည် မဟုတ်၊ ဒိန်ချဉ်ရက်တက်ရည်ကလေး ရောင်းချ၍ ရသမျှနှင့် မဝတဝ စားပြီး ဆင်းရဲတွင်းမှာ ပြန်နေရတော့မည် စဉ်းစား၏။

## ချစ်သော်သက်ရှူ မုန်းသော်သေမင်း

ထိုမိန်းမသည် လင်ကြီးဖြစ်သူ တက္ကပဏ္ဍိတသည် ငါ့ကို အလွန်ချစ်သည်။ တစ်နည်းနည်း ကြံဖန်၍ ငါ့ကို ခေါ်ချေဦးမည်။ သူသေမှသာ ငါ စိတ်ချလက်ချ နေရမည်။ သူ့ကို လှည့်ဖြားခေါ်ပြီး သတ်ရလျှင် ကောင်းမည်ဟု စဉ်းစားမိပြီး တက္ကပဏ္ဍိတထံ လူတစ်ယောက်ကို တိတ်တဆိတ် စေလွှတ်လိုက်၏။ "ခိုးသူကြီး လက်တွင်းမှာ ဆင်းရဲစွာ နေရပါသည်။ တိတ်တဆိတ် လာရောက်ခေါ်ဆောင်လှည့်ပါ။ ယခုလာသူနှင့် လိုက်ခဲ့ပါ" ဟု မှာကြားလိုက်၏။

တက္ကပဏ္ဍိတသည် မယားစကားကို ယုံကြည်၍ လိုက်လာ၏။ မယား၏ အစီအစဉ်ဖြင့် ခိုးသူကြီး မရှိခိုက် တိတ်တဆိတ် တွေ့ဆုံ၍ နှစ်ဦးသားဖက်၍ ငိုကြွေးကြ၏။ ထို့နောက် မယားက "ညဉ့်အခါကျမှ ပြေးမည်" ဟု ဆို၍ တဲအုံတစ်ခုတွင် ဖွက်ထားလေ၏။



ခိုးသူကြီး ပြန်ရောက်လာသောအခါ မယားသည် ခိုးသူကြီးအား အရက်များတိုက်၍ စိုးရိမ်တကြီးဖြင့် တိတ်တဆိတ် ပြော၏။

"ကျွန်မလင်ဟောင်း လိုက်လာ၍ ယနေ့ည ထွက်ပြေးကြရန် ကျွန်မကို ခေါ်နေသည်။ ယခု တဲအုံတွင် ရှိနေပါသည်။ သွား၍ သတ်လိုက်ပါ" ဟု ပြော၏။

ခိုးသူကြီးလည်း ဒေါသတကြီးဖြင့် သွားရောက်ဖမ်းဆီး၍ တက္ကပဏ္ဍိတကို ရိုက်နှက်၏။ ရိုက်နှက်တိုင်း တက္ကပဏ္ဍိတသည် အခြား ဘာစကားမှ မပြောဘဲ "အမျက်လည်းကြီး၏။ သူ့ကျေးဇူးကိုလည်း မသိတတ်၊ ကုန်းချောခြင်းလည်း ပြု၏၊ အဆွေခင်ပွန်းကိုလည်း ပြစ်မှားတတ်၏" ဟူသော လေးခွန်းသော စကားကိုသာ ထပ်တလဲလဲဆို၏။

## နောက်ကြောင်းပြန်ကာ ရှင်းပြရှာ

ခိုးသူကြီးသည် အမူးပြေပြီး "အဘယ့်ကြောင့် ဤစကားကိုသာ ထပ်တလဲလဲ ဆိုရသနည်း" ဟု မေး၏။

တက္ကပဏ္ဍိတလည်း ထိုအမျိုးသမီးကို ရေမှ ဆယ်ယူသည်က စ၍ မိမိအား ဖြားယောင်းသဖြင့် ချောက်မှလျှောကာ လူထွက်ရပြီး ရက်တက်ရည်ရောင်းကာ လုပ်ကျွေးခဲ့ရပုံ၊ ယခု ခိုးသူကြီး လက်တွင် ဒုက္ခရောက်၍ လာခေါ်လှည့်ပါဟု သူက လူလွှတ် ခေါ်ယူပြီး ယခု ရန်သူ့လက်သို့ရောက်အောင် ပြုမူပုံ အလုံးစုံတို့ကို ပြန်ပြောလေ၏။

ခိုးသူကြီးသည် ဤသို့သော အသက်သခင် ကျေးဇူးရှင်ကို ပင် ပြစ်မှားတတ်သော မိန်းမသည် ငါကဲ့သို့သော သူခိုးကို တစ်နေ့တွင် မကောင်းကြံဦးမည်သာ ဖြစ်သည်။ အသို့လျှင် ထောက်ထား

www.burmeseclassic.com

www.burmeseclassic.com

အံ့နည်း။ ထိုမိန်းမယုတ်ကို သတ်ပစ်အံ့ဟု ကြံစည်၍ တက္ကပဏ္ဍိတကို ထိုမိန်းမနှင့်အတူ တောသို့ခေါ်၍ သွားလေသည်။

### တရားစောင့်သူကို တရားက ပြန်စောင့်ခြင်း

တောသို့ရောက်လျှင် ခိုးသူကြီးက မိန်းမအား "သင်၏ လင်ကို ငါသတ်အံ့၊ သင့်လင်၏လက်ကို ချုပ်ကိုင်ထားလော့" ဟု ဆိုလျှင် မိန်းမသည် တက္ကပဏ္ဍိတ၏ လက်နှစ်ဖက်ကို ချုပ်ကိုင်၍ ပေး၏။ ခိုးသူကြီးသည် တက္ကပဏ္ဍိတကို ခုတ်ဟန်ပြု၍ ထို မိန်းမ၏ လည်ကို ခုတ်ဖြတ်လိုက်လေသတည်း။

တက္ကပဏ္ဍိတသည်လည်း သတိသံဝေဂရ၍ ရသေ့ရဟန်း ပြုလေ၏။ ခိုးသူကြီးလည်း လိုက်၍ ရသေ့ရဟန်းပြု၏။ သူတို့နှစ်ဦးသည် တောကျောင်းတွင်နေ၍ ကျင့်ကြံ အားထုတ်ကြရာ အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါးတို့ကိုရပြီး စုတေသော်ဗြဟ္မာပြည်သို့လားကြရလေ၏။

မြတ်စွာဘုရားသည် ဤဇာတ်တော်ကိုဟောကြားတော်မူပြီး ...

"ရဟန်း၊ မိန်းမဟူသည် အမျက်လည်း ထွက်တတ်ကုန်၏။ သူ့ကျေးဇူးကိုလည်း မသိတတ်၊ ကုန်းတိုက်ခြင်းကိုလည်း ပြုတတ်၏။ အဆွေခင်ပွန်းကိုလည်း ဖျက်ဆီးတတ်၏။ သင်သည် မြတ်သော အကျင့်ကို ကျင့်ပါ။ ချမ်းမြေ့သာ မဂ်ချမ်းသာကို မစွန့်လွှတ်ရလတ္တံ့."

ဒေသနာတော်၏ အဆုံးတွင် ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ် တည်၏။

### ဇာတ်ပေါင်းသော်

ခိုးသူကြီးသည် အာနန္ဒာ၊ တက္ကပဏ္ဍိတသည် ငါဘုရား ဟု ဇာတ်တော်ကိုပေါင်း၏။ '

❋ ❋ ❋ ❋ ❋



## (၄) ပညာရှိသောမိန်းမ

(ဧ ၆၇၊ ဥစ္ဆင်္ဂဇာတ်)




### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ...

တောမှ မိန်းမတစ်ယောက်၏ ပညာဉာဏ်ဖြင့် ယောကျ်ား သုံးယောက်၏ အသက်ကို ကယ်တင်ခဲ့ခြင်းကို အကြောင်းပြု၍ အတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ် ...

လူဆိုးများသည် မြို့တွင်းသို့ ဝင်၍ လုယက်တိုက်ခိုက် ကြသည်။ မင်းကြီးသည် လူဆိုးများကို မရမနေ ဖမ်းရန် အမိန့် ပေး၏။ မင်းချင်းတို့ လိုက်ကြ၏။ တောတွင်းသို့ ဝင်ပြေးကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှာမတွေ့၍ ပြန်လာကြရင်း "လူဆိုးများကို ဖမ်းမမိပါက မင်းပြစ် မင်းဒဏ် ခံရမည်။ ရရာတရားခံကို ဖမ်းမှတော်မည်" ဟု တော စပ်တွင် လယ်ထွန်နေကြသော ယောက်ျားသုံးဦးကို ဖမ်းဆီး ခေါ် ဆောင်ခဲ့ပြီး လူဆိုးများအဖြစ် မင်းကြီးအား ဆက်ကြ၏။

မင်းကြီးက ထိုသူသုံးဦးကို သေဒဏ်ပေးလိုက်၏။

## ရဲရှင်သောမိန်းမ

ထိုအခါ မိန်းမတစ်ယောက်သည် "ကျွန်မကို အဝတ်ပေးပါ။ အဝတ်ပေးပါ" ဟု နန်းဆောင်ကို လှည့်ပတ်ပြီး အော်ဟစ် ငိုကြွေး နေ၏။

မင်းကြီး ကြားသိသောအခါ ထိုမိန်းမအား အဝတ်ပေး စေ၏။

မိန်းမက "ဤအဝတ် မဟုတ်ပါ၊ မိမိ၏ အဝတ်တန်ဆာ များကို မင်းကြီး ယူဆောင်ထားပါသည်။ ပြန်ပေးပါ။ ပြန်ပေးပါ" ဟု အော်ဟစ်တောင်းဆို၍ ပေးသော အဝတ်များကို မယူဘဲနေ၏။

မင်းကြီးသည် စိတ်ဝင်စားလာ၏။

ထိုမိန်းမအား ရှေ့တော်သို့ သွင်းစေ၏။

"ဟယ်... မိန်းမ၊ သင်၏ အဝတ်တန်ဆာတို့ကို အဘယ်သူ ယူသနည်း"

ထိုမိန်းမသည် မကြောက်မရွံ့ ရဲရင့်စွာပင် –

"အရှင်မင်းမြတ် ယူထားပါသည်"

မင်းကြီးသည် စိတ်ဝင်စားလာ၏။ ဤမိန်းမသည် ရူးသွပ်သူလည်းမဟုတ်၊ ရဲရင့်စွာ လျှောက်တင်ဝံ့သော သတ္တိရှိ၏။ အကြောင်း တစ်စုံတစ်ရာ ရှိလိမ့်မည်ဟု စဉ်းစားမိ၏။

"ငါ ဘယ်အခါက ယူမိသနည်း"

"ယနေ့နံနက်တွင် အရှင်မင်းမြတ်၏ အမှုထမ်းများ ယူ ဆောင်ပြီး အရှင်မင်းမြတ်ထံ ဆက်သသဖြင့် အရှင်မင်းမြတ် ကိုယ်တိုင် သိမ်းဆည်းရန် အမိန့် ချမှတ်ခဲ့ပါသည်။ အရှင်မင်းမြတ်ထံ၌ ရှိနေ ပါသည် ဘုရား"

မင်းကြီးက ဤသူဆင်းရဲမသည် ရဲရင့်၏။ ပညာဉာဏ် ရှိ၏။ ဥပါယ်တံမျဉ်ဖြင့် အပြစ်လွတ်အောင် လျှောက်တင်တတ်၏၊ ဟု စိတ်တွင်းမှ ချီးကျူးပြီး ...

"ဟယ်... သူဆင်းရဲမ၊ ပွင့်လင်းစွာ အကြောင်းစုံ လျှောက်ထုံ တင်လော့"

"မှန်လှပါ၊ ယနေ့နံနက်တွင် ကျွန်တော်မျိုးမ၏ လင်နှင့် သား၊ မောင် ဤသုံးယောက်ကို လယ်ထွန်နေစဉ် မင်းမှုထမ်းများ က ခိုးသူများဟု စွပ်စွဲကာ ဖမ်းယူသွားပါသည်။ ဤသား၊ မောင် နှင့်လင်ကို့မှာ အပြစ်မရှိပါ၊ ရိုးသားစွာ လုပ်ကိုင် စားသောက်သူ များဖြစ်ကြောင်း ရပ်ရွာနေ လူအားလုံး သိရှိကြပါသည်။ ဤ သုံး ယောက်ကို အရှင်မင်းမြတ် သိမ်းဆည်းထားပါ၍ ကျွန်တော်မျိုးမ ကို ပြန်လည် ပေးသနားပါရန် လျှောက်ထားလိုခြင်း ဖြစ်ပါသည် အရှင်မင်းမြတ်"

"သင် တောင်းသည်က အဝတ်ပေးပါဟု တောင်းသည် မဟုတ်လော"

www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ၊ လင်ဆိုသည်မှာ မိန်းမတို့၏ အဝတ်မည်ပါသည်။ အစစအရာရာ လုံခြုံမှုကို ပေးစွမ်းပါသည်။ လင် မရှိသည့် မိန်းမသည် အဖိုးတစ်ထောင်ထိုက်သော အဝတ်ကို ဝတ်စေကာမူ အချည်းအနှီးသာ ဖြစ်ပါသည်။ ရေမရှိသော မြစ်သည် အချည်းအနှီးသာ ဖြစ်ပါသည်။ လင်မရှိသော မိန်းမသည် အချည်းအနှီးသာ ဖြစ်ပါသည်။ ထို့ကြောင့် လင်ကိုသာ တောင်းခြင်း ဖြစ်ပါသည်" ဟု လျှောက်ထား၏။

ဘုရင်မင်းမြတ်သည် ရာဇဝတ်သား သုံးယောက်တို့အား ရှေ့တော်သို့ သွင်းစေပြီး ...

"ဟယ် ... သူဆင်းရဲမ၊ ဤသုံးယောက်အနက် သင်၏ လင်မည်သူနည်း" ဟု မေးလျှင် ထိုမိန်းမက ဤသူကား လင်ဖြစ်ပါသည်။ ဤသူကား သားဖြစ်ပါသည်။ ဤသူကား မောင်ဖြစ်ပါသည်ဟု လက်ညှိုးညွှန်ကာ လျှောက်ထား၏။ မင်းကြီးက ...

"ကောင်းလှပေပြီ၊ သင်တောင်းသော အဝတ်ကို ငါပေးအံ့၊ ယူလော့"

"မှန်လှပါ၊ အရှင်မင်းမြတ်က အဝတ်ကို ချီးမြှင့်၍ ဝမ်းမြောက်ပါသည်။ သို့သော် ရွှန်တော်မျိုးမမှာ အဝတ်ရှိသော်လည်း တန်ဆာမရှိလျှင် မတင့်တယ်ပါ။ အဝတ်နှင့်တကွ တန်ဆာကိုပါ ဆင်ယင် ပေးတော်မူပါဘုရား" မင်းကြီးသည် သိသော်လည်း ထိုမိန်းမ ဉာဏ်စွမ်းကို ပရိသတ် သိစေလိုသဖြင့် ..

"အဘယ်တန်ဆာကို အလိုရှိသနည်း"



"မှန်လှပါ၊ သားနှင့်မောင်တည်းဟူသော လည်ဆွဲတန်ဆာ လက်ဝတ်တန်ဆာများ ရှိပါမှ တင့်တယ်ပါမည် ဘုရား"

မင်းကြီးသည် ထိုမိန်းမ၏ တင်လျှောက်ပုံကို နှစ်သက်လွန်း၍

"ဟယ် ... သူဆင်းရဲမ၊ သင်သည် အဝတ်ကို တောင်း၍ပေးခဲ့ပြီ၊ ယခု တန်ဆာများကို တောင်းပြန်ပြီ၊ တစ်ယောက်တည်းသာ လွှတ်မည်၊ သား, လင်, မောင် သုံးဦးအနက် သင်ကြိုက်နှစ်သက်ရာ တစ်ယောက်ကို ရွေးနုတ်လော့" ဟု ဆို၏။

မိန်းမသည် သား, လင်, မောင် သုံးယောက်ကို တစ်လှည့်စီ ကြည့်ရင်း စဉ်းစား၏၊ မင်းကြီးနှင့်တကွ ပရိသတ်တို့သည် မိန်းမကိုသာ အာရုံစိုက်၍ ကြည့်နေကြ၏။

သား, လင်, မောင် သုံးဦးသားတို့ကလည်း သနားစဖွယ် ကြည့်နေကြ၏။

မိန်းမသည် ရုတ်တရက် လက်ညှိုးထိုးကာ ...

"မောင်ဖြစ်သူကို ရွေးနုတ်ပါသည်၊ မောင်ကိုသာ ပေးပါတော့" ဟု လျှောက်ထား၏။ ပရိသတ်ကြီးသည် "ဟယ်" ဟူ၍ အံ့သြသွားကြ၏။ မင်းကြီးက ...

"ဟယ် ... မိန်းမ၊ သင်သည် အဝတ်ကိုတောင်း၏၊ အဝတ်တည်းဟူသော လင်ကို ငါပေး၏၊ ယခုအဘယ်ကြောင့် မောင်ဖြစ်သူကို ရွေးချယ်ရသနည်း" ဟု မေး၏။ မိန်းမက ...

"အရှင်မင်း၊ ရွှန်တော်မျိုးမ အသက်ရှင်နေသမျှ လင်ဟူသည်ကို အစားထိုး၍ ရနိုင်ပါသည်၊ သားဟူသည်မှာလည်း လင်ရှိလျှင် အစားရနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်နှင့်သားတို့မှာ ခါးပိုက်ထဲက (ဥစ္စာ) ဟင်းရွက်ကဲ့သို့ အချိန်မရွေး ရနိုင်ကြပါသည်၊ မောင်ဟူသည်ကား ကျွန်တော်မျိုးမတွင် မိဘနှစ်ပါးစလုံး မရှိကြတော့ပါ၊ မောင်သေလျှင် အစားမရနိုင်ပါ၊ ထို့ကြောင့် အစားထိုးမရသော မောင်ကို နုတ်ယူခြင်းဖြစ်ပါသည်" ဟု လျှောက်ထားလေလျှင် ပရိသတ်တို့မှာ တအံ့တသြ ရုတ်ရုတ်သည်းသည်း ဖြစ်သွားကြလေ၏။

မင်းကြီးသည် ဆင်းရဲသူမ လျှောက်တင်ပုံကို နှစ်သက်လွန်းသဖြင့် သား၊ လင်၊ မောင် သုံးယောက်စလုံးကို လွှတ်ပေးလိုက်လေသတည်း။

ဇာတ်ပေါင်းသော်

ယခင်လှူလေးယောက် ယခု လူလေးယောက်
ဗာရာဏသီမင်းသည် ငါဘုရား
ဟု ဇာတ်တော်ကို ပေါင်း၏။

* * * * *



(၅) ပညာရှိကို တရားရစေသော [illegible]

(ဇာ ၆၆။ မုဒုလက္ခဏဇာတ်)




ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် .... သာဝတ္ထိမြို့၌နေသော အမျိုးသားသည် ရဟန်းပြုပြီး ကမ္မဋ္ဌာန်းတရားကို အမြဲနှလုံးသွင်း၍ နေလေ့ရှိ၏။ တစ်နေ့တွင် ဆွမ်းခံသွားရင်း မိန်းမလှကလေး တစ်ယောက်ကို တွေ့မြင်ရသောအခါ ကမ္မဋ္ဌာန်းတရားများ ပျောက်၍ ကိလေသာဖြင့် စိတ်အနှောင့်အယှက်ဖြစ်ကာ ကိုယ်ရောစိတ်ပါ မချမ်းသာနိုင်ဘဲ ကမ္မဋ္ဌာန်းတရားကို အားမထုတ်နိုင်၊ သာသနာတော်မှာ မပျော်ပိုက်၊ ဆံ, မုတ်ဆိတ်ကိုလည်း မရိတ်ခြေသည်း လက်သည်းကိုလည်း မလှီးနိုင်၊ သင်္ကန်းကိုပင် မလျှော်နိုင်၊ ငေးငေးမှိုင်မှိုင် ရှိနေသည်ကို တွေ့မြင်ရလျှင် မိတ်ဆွေ ရဟန်း

www.burmeseclassic.com

www.burmeseclassic.com



တို့က အကြောင်းရင်းကို မေးကြ၏။ သာသနာတော်၌ မမွေ့လျော်ကြောင်း သိရလျှင် မြတ်စွာဘုရား ရှေ့တော်မှောက်သို့ ပို့ဆောင်ကြလေသည်။

မြတ်စွာဘုရားက "အဘယ့်ကြောင့် သာသနာတော်၌ ငြီးငွေ့သနည်း"ဟု မေးတော်မူလျှင် မြို့တွင်းဆွမ်းခံကြွရာလမ်းတွင် ဣတ္ထိကိုဖျက်၍ ကြည့်မိရာ မာတုကာမ အချောအလှကိုတွေ့ပြီး မစားနိုင်, မအိပ်နိုင်၊ ကမ္မဋ္ဌာန်းတရားပင် အားမထုတ်နိုင်တော့ဘဲ ငြီးငွေ့လာခြင်း ဖြစ်ကြောင်း လျှောက်ထားလေရာ၊ မြတ်စွာဘုရားသခင်က ...

"ရဟန်း သင့်အဖြစ်သည် အံ့ဩဖွယ်ရာမဟုတ်ပေ၊ ရှေးရှေးက အဘိညာဉ်ငါးပါး၊ သမာပတ်ကိုရပြီးသော ဈာန်သမာပတ်ဖြင့် ဝိသဘာဂအာရုံကို မြင်၍ ဈာန်လျှောကျရသေးသည်၊ သင်ရဟန်းအတွက် ရှက်ဖွယ်မရှိ"ဟု မိန့်တော်မူ၍ အတိတ်ဇာတ်ကို ဟောကြားတော်မူသည်။

## အတိတ်ဇာတ်

### ဘုရားလောင်း သရမထော်ရ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ် ....

ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ တစ်ဆယ့်ရှစ်ရပ်သော အဋ္ဌာရသကို တတ်မြောက်ပြီးနောက် တောထွက်ခါ ရသေ့ ရဟန်းပြု၍ ဟိမဝန္တာ၌နေရာ အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါးတို့ကို ရရှိ၏။ တစ်နေ့သောအခါ ချဉ်ဆားအလို့ငှာ ဗာရာဏသီသို့



ဆွမ်းခံဝင်လေ၏၊ ဗာရာဏသီမင်းသည် ဘုရားလောင်းရသေ့၏ အညီကြည်ငြိမ်သက်သော ဣန္ဒြေကို သိမြင်၍ ကြည်ညိုလှသဖြင့် ဆွမ်းပင့်၍ကပ်ပြီး ဥယျာဉ်၌ နေရန် ပင့်လျှောက်၏၊ ရှင်ရသေ့လည်း ဝန်ခံ၍ မင်းဆွမ်းမျိုးတို့အား ဆုံးမလျက် ထိုဥယျာဉ်၌ တစ်ဆယ့်ခြောက်နှစ်လုံးလုံးနေ၏။

### ခြေသလုံးပေါ်တာ မြင်ကာမျှဖြင့်

တစ်နေ့သ၌ မင်းသည် ပစ္စန္တရာဇ်သို့ လူဆိုးများကို နှိမ်နင်းရန် ထွက်ခွာသွား၏၊ မိဖုရားကြီး မုဒုလက္ခဏာကို အရှင်မြတ်အား ဆွမ်းလုပ်ကျွေးရန် မှာကြားခဲ့၏၊ မိဖုရားကြီးသည် နေ့စဉ်ပင် ရိုသေစွာ လုပ်ကျွေးသမှုပြု၏။

တစ်နေ့တွင် ဆရာအရှင် အရောက်နောက်ကျ၍ မိဖုရားကြီးသည် ရေချိုးပြီး ဆွမ်းပွဲကို ပြင်ကာ စောင့်စားနေရာမှ သလွန်ထက်တွင် မှေးခနဲ အိပ်ပျော်သွားလေ၏။ လျော်တေ သက်န်းသံကြားမိသဖြင့် ခုတင်ညောင်စောင်းပေါ်မှ ကမန်းကတန်း ထလိုက်ရာ ချောမွေ့သော ကိုယ်ဝတ်မှာ လျှောကျသွားလေသည်။

### ဝိသဘာဂကြောင့် ဈာန်လျှောရလေပြီ

ပြတင်းတံခါးမှ ဈာန်ဖြင့်ဝင်လာသော အရှင်ရသေ့သည် ဝိသဘာဂ အာရုံကိုမြင်၍ 'တင့်တယ်လှချည့်'ဟု နှလုံးထားကာ ကိုယ်တွင်း ကိလေသာတို့ လှုပ်ရှားလာသည်နှင့် တစ်ပြိုင်နက် ဈာန်သမာပတ်တို့ လျှောကျကာ ဆွမ်းကို မစားနိုင်တော့ဘဲ ပြာသာဒ်ပေါ်မှ လှေကားဖြင့် ဆင်း၍ ခြေကျင်ခရီးဖြင့်ပင် ဥယျာဉ်သို့ သွားကာ ကျောင်းကြမ်းပြင်ပေါ်တွင် အလျားမှောက်၍ အိပ်စက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



အစာရေစာ လုံ့ဝမစားဘဲ ရောဂါမီးလောင်ကျွမ်းခြင်း ခံရနေရှာလေ၏။

## မိဖုရားကို ပေးအပ်

မင်းကြီးသည် ရန်သူကိုနှိမ်နင်းပြီးနောက် ပြန်လာရာ၊ မြို့ကို လက်ယာပတ် လှည့်လည်ပြီး နန်းတော်သို့ မဝင်သေးဘဲ ဆရာမထေရ်ကို ဖူးမြင်ရန် ဥယျာဉ်သို့ သွားလေသည်၊ ရှင်ရသေ့၏ အဖြစ်ကို ဖူးမြင်ရလေလျှင် အဘယ်ဝေဒနာ၊ အဘယ်အန္တရာယ်ကြောင့် ဤသို့ ဖြစ်ရပါသနည်းဟု အတန်တန်မေးမြန်း လျှောက်ထားမှ မိဖုရားကြီး မုဒုလက္ခဏာ၏ အာရုံကြောင့် သည်းထန်သော ဝေဒနာစွဲကပ်၍ လာခဲ့ကြောင်း သိရလျှင် “အရှင်ဘုရား၊ သည့်အတွက်ဖြင့် စိုးရိမ်တော်မမူပါနှင့်၊ တပည့်တော် မုဒုလက္ခဏာကို ပေးအပ်ပါမည်”ဟု နန်းတော်သို့ ခေါ်လာပြီး ရှင်ရသေ့လက်သို့ အပ်လိုက်လေ၏။

ထိုသို့ ရှင်ရသေ့လက်သို့ အဝ်စဉ်တွင် မုဒုလက္ခဏအား မှာကြားသည်မှာ –

“ရှင်မိဖုရား၊ ငါတို့ ရှင်ရသေ့သည် လောကီရေးရာကို ကျွမ်းကျင်ခြင်း မရှိသေးပါ၍ ရှင်မိဖုရားကသာ အရှင်မြတ်ကို လှူ့လောကီရေးရာ အဝဝကို ကြိုးစား၍စောင့်ရှောက်ပါ”ဟု မှာကြား၏။ “မိဖုရားကြီးကလည်းကောင်းပါပြီ”ဟု ဝန်ခံ၍ လိုက်သွား၏။။

## မုဒုလက္ခဏာ ပညာပြပြီ

ရှင်ရသေ့ စံမြန်းသည့် ဥယျာဉ်တွင်းရှိ သစ်ရွက်မိုး ကျောင်းသခ်မ်းသို့ရောက်သွားကြ၏၊ မိဖုရားကြီးက “အိမ်ရာထောင်လျှင် ကျောင်းသခ်မ်းနှင့် မသင့်လျော်ပါ၊ လူ့ရပ်လူ့ရွာတွင် အိမ်တစ်ဆောင်



မီးတစ်ပြောင်နှင့် နေမှသင့်မည်။ သို့မဟုတ်က ဘုရင်မင်းမြတ်ထံ အိမ်တောင်းချေလော့”ဟု စေ၏။ ရသေ့သည် သွား၍ အိမ်တောင်း၏။ မင်းကြီးသည် လူတို့အသုံးပြုခဲ့သော အိမ်ဟောင်းတစ်ခုကိုပေး၏။ ရသေ့သည် မိဖုရားကို အိမ်သို့ခေါ်သွား၏။ မိဖုရားက အိမ်မှာညစ်ပတ်ပေရေနေသည်၊ အိမ်တွင်းသို့ မဝင်လို၊ အိမ်ကို သန့်စင်ဆေးကြောပါဦး”ဟု ဆို၏။

“ဘယ်လိုလုပ်ရမလဲ”ဟု မေး၍ “မင်းကြီးထံသွားပြီး ပေါက်တူးတစ်လက်၊ တောင်းတစ်လုံး တောင်းပါဦး”ဟု စေခိုင်းလိုက်၏။ ရသေ့သည် မင်းကြီးထံသွား၍ ပေါက်တူးတစ်လက်၊ တောင်းတစ်လုံး တောင်း၏။ ရလာလျှင် မစင်များနှင့် အမှိုက်များကို ပေါက်တူးနှင့် ပေါက်၊ တောင်းနှင့်ကျုံး၍ စွန့်ပစ်စေ၏။ ထို့နောက် နွားချေးများကို ရှာစေပြီး အိမ်ကိုလိမ်းကျံပေး၏။

နောက်ထပ်တစ်ဖန် ခုတင်ရှာခဲ့ပါဦး၊ အိပ်စရာ အိပ်ရာခင်းတို့ကို ရှာခဲ့ပါဦး၊ သုံးရေအိုး ရှာပါဦး၊ ရေခပ်ထည့်ပါဦး၊ ရသေ့ကြီး တစ်ကိုယ်လုံးလည်း ပေရေနံစော်နေပေပြီ၊ ခြေကုန်လက်ပန်းကျနေပေပြီ၊ စိတ်ထဲကလည်း “ယူချင်ဦးဟဲ့ မိန်းမ”ဟု ကိုယ့်ကိုယ်ကို အပြစ်တင်စ ပြုလာပါပြီ။

မိဖုရားကြီးအနီး ကပ်နိုင်ရန် ရေမိုးချိုး သန့်စင်ပြီး ခုတင်ပေါ်တွင် ထိုင်နေသော မိဖုရားအနီး ချဉ်းကပ်၏။ မုဒုလက္ခဏာ မိဖုရားကြီးက ရသေ့လူထွက်၏ မုတ်ဆိတ်ကျင်စွယ် နှစ်ဖက်ကိုဆွဲပြီး “ကိုယ့်ကိုကိုယ် ရဟန်းဖြစ်တာကို မကောင်းမှု မှန်သမျှ စွန့်ပယ်ခဲ့တာကိုမှ သတိမရတော့ဘူးလား”ဟု ကရုဏာဒေါသာဖြင့် ပြောလိုက်သည်။ ခဏတွင်ပင် သတိရကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ငါဒီလောက်အထိ မိုက်မဲခဲ့ပြီ၊ ကိလေသာတို့သည် မိုက်မဲစေတတ်သည်၊ ဉာဏ်မျက်စိကို ကန်းစေသည်၊ ငါသည် ဤတဏှာကို ပွားများပါက အပယ်လေးပါးမှ ခေါင်းထောင်၍ ထနိုင်တော့မည်မဟုတ်" ဟု သံဝေဂပြု၍ ချက်ချင်းပင် မုဒုလက္ခဏာ မိဖုရားကြီးအား မင်းကြီးထံ ပို့အပ်၏။

"မြတ်သောမင်းကြီး၊ မုဒုလက္ခဏာကိုမရမီက မုဒုလက္ခဏာကို လိုချင်တောင့်တသည့် တဏှာသည် ဖြစ်ခဲ့ပြီ၊ မျက်စိကျယ်ကျယ် လွှန်တင့်တယ်သော မုဒုလက္ခဏာကို ရသောအခါမှာ ထိုမုဒုလက္ခဏာမှာ ငယ်ငယ်ကြီးကြီးသော တဏှာကိုဖြစ်စေတတ်သော အရာပါတကားဟု ငါသိခဲ့ပြီ"

ထိုခဏ၌ ဈာန်ကသိုဏ်းကိုပွားများ၍ ကောင်းကင်မှ တရားဟောပြီး မင်းအား အဆုံးအမကိုပေး၍ ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့ကြွသွားလျက် လူ့လောကသို့ မလာတော့ဘဲ ဟိမဝန္တာ၌ပင် တရားများအားထုတ်ကာ သေလွန်သောအခါ ဗြဟ္မာပြည်သို့ ရောက်လေ၏။

ဒေသနာတော်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် အရဟတ္တဖိုလ်တည်၏။

### ဇာတ်ပေါင်းသော်

မင်းကြီးသည် အာနန္ဒာ၊ မုဒုလက္ခဏာသည် ဥပ္ပလဝဏ်၊ ရသေ့သည် ငါဘုရားဖြစ်ဖူးပြီဟု ဇာတ်တော်ကို ပေါင်း၏။

❀ ❀ ❀ ❀ ❀



## (၆) ပဒုမမင်းသားနှင့်ပေါင်တို့ဝတ္ထု

(ဇာ ၁၉၃၊ ရှဥ္စပဒုမဇာတ်)




### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ... အလှအပ ဝတ်ဆင်လာသော မိန်းမကိုမြင်သဖြင့် လူထွက်လိုသော ရဟန်းတစ်ပါးကိုအကြောင်းပြု၍ ဟောကြားတော်မူသည်။

### အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ် ...

ဘုရားအလောင်းသည် ဗြဟ္မဒတ်မင်းကြီး၏ သားတော်ဖြစ်၍ 'ပဒုမမင်းသား' ဟု အမည်တွင်၏။ ညီတော် ခြောက်ယောက်ရှိ၏။ အရွယ်ရောက်လျှင် အိမ်ထောင်ပြုကြ၏။ အခြံအရံများစွာရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ မင်းကြီးသည် မင်းရင်ပြင်ကို ကြည့်လျှင် အငြ
အရံများစွာနှင့် ခမည်းတော်ထံ ခစားရန်လာကြသော သားတော်
တို့ကိုမြင်လျှင် သားတော်တို့ အင်အားကို ကြောက်ရွံ့ပြီး သားတော်
တို့အားခေါ်၍ "အရပ်တစ်ပါးသို့ သွားကြကုန်၊ ငါသေမှ နန်းစည်
စိမ်ကို လာယူကြကုန်"ဟု အမိန့်တော်မြွက်မှတ်၏။

သားတော်တို့သည် ခမည်းတော်စကား မပယ်ရှားလို၍ အရပ်
တစ်ပါး၌ အသက်မွေးကြတော့မည်ဟု မယားတို့ကို ခေါ်ပြီး မြို့တော်
မှ ထွက်ကြရလေသည်။

BURMESE CLASSIC .com

## အစာငတ်၍ မယားသတ်ကြခြင်း

သွားရင်းပင် ကန္တာရခရီးအလယ်သို့ ရောက်လာ၏။ အစား
အသောက်များ ငတ်လာ၍ ရှေ့သို့ ခရီးမဆက်နိုင်အောင် ခွေယိုင်၍
နေကြ၏။ မိန်းမများက ပို၍ ဆိုး၏။ ရှေ့သို့ ခြေမလှမ်းနိုင်သည့်
အဖြစ်သို့ ရောက်နေကြ၏။

ညီနောင်ခုနစ်ဖော် တိုင်ပင်ကြ၏။ အားလုံးကုန် သေဆုံးကြ
မည့်အတူတူ မိမိတို့မယားများကို တစ်နေ့တစ်ယောက်ကျ သတ်၍
အာဟာရဖြည့်တင်းရန် ညီအစ်ကိုများ တီတီတာဆိတ် တိုင်ပင်ဆုံး
ဖြတ်ကြပြီး ညီအငယ်ဆုံး၏ မယားကို စ၍သတ်ပြီး တစ်ဆယ့်သုံး
ပုံ ပုံကာ ဝေငှစားကြ၏။

ဤသို့ပင် မိမိမယားကို မိမိသတ်၍ စားကြရ၏။

ပဒုမမင်းသားကား ... လင်မယားနှစ်ယောက်တွက် နှစ်စုကို
တစ်စုသာစား၍ တစ်စုကို အခြောက်လှန်းပြီး ယူခဲ့ကြ၏။ ၆ ရက်
မြောက်နေ့၌ အသားခြောက်စု ကျန်ခဲ့၏။



ခုနစ်ရက်မြောက်နေ့တွင် ပဒုမမင်းသား၏ မယားကို သတ်ရန်
အလှည့်ရောက်၏။ ပဒုမမင်းသားက တစ်ရက်ဆိုင်းပါဟု စုဆောင်း
ထားသော အသားခြောက် ၆ ခုကို ညီတို့အားပေးပြီး ညအခါတွင်
မယားကို လက်ဆွဲ၍ တိတ်တဆိတ်ထွက်ပြေးကြ၏။

## သောက်ပါသောက်ပါ ဟောက်ခါပေးပါမယ်

ညဉ့်နက်သန်းခေါင် လမ်းတွင် မယားကမသွားနိုင်တော့ပါ
ဆို၍ ပဒုမမင်းသားသည် မယားကိုပခုံးပေါ်ထမ်း၍ ခေါ်ခဲ့ရ၏။
အရုဏ်တက်သောအခါ ကန္တာရမှထွက်၏။ မယားက ရေဆာပြန်
သဖြင့် လက်ယာဒူးမှ သွေးကို သံလျက်ဖြင့်ဖောက်ကာ တိုက်ရ၏။

မကြာမီ မြစ်ကမ်းတစ်နေရာသို့ရောက်ကြ၏။ ရေတို့ကို
အလိုရှိတိုင်း သောက်ရချိုးရ၏၊ သစ်သီးဝလံ အစာရေစာရှာရလွယ်
၏။ သို့အတွက် မြစ်ကွေ့၌ သစ်ရွက်တဲထိုး၍ နေကြ၏။ ပဒုမ
မင်းသားသည် မယားကိုအပြင်မထွက်စေဘဲ သစ်သီးများရှာ၍ကျွေး၏၊
မယားကို အလွန်ယုယကြင်နာ၏။

## ပါရမီဖြည့်မည့်သူရောက်လာပြီ

တစ်နေ့၌ မင်းဒဏ်သင့်သော သူခိုးအား လက်၊ ခြေ၊ နား၊
နှာခေါင်းတို့ကိုဖြတ်ပြီး လှေငယ်ဖြင့် မျှောလိုက်၏၊ သူခိုးသည်
မြစ်လယ်မှ "ကယ်ကြပါ ... ကယ်ကြပါ"ဟု ပြင်းထန်စွာ ငိုကြွေး
ညည်းညူရင်း မျောလာရာ၊ ပဒုမမင်းသားနေရာအနီးသို့ ရောက်လာ
၏၊ ပဒုမမင်းသား မြင်လေလျှင် "အသက် တစ်ချောင်းမဆုံးရှုံး
စကောင်း"ဟု ဆယ်ယူပြီး သစ်ရွက်တဲသို့ ခေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



မယားဖြစ်သူက ခေါ်လာရကောင်းလားဟု ဆူဆူပူပူလုပ်၏၊ ရှုံ့ဖွယ်ရာ သွေးပြည် တရွဲရွဲနှင့် ဒုက္ခိတကြီးကို မကြည့်လို မမြင်လိုပါဟု ဆိုသဖြင့် မင်းသားက မယားကို ဖျောင်းဖျထား၏။ မယားသည် သွေးပြည်အနာများဖြင့် ဒူးပြတ်၊ လက်ပြတ်၊ နားရွက်ပြတ်၊ နှာခေါင်းပြတ်ကြီးကို အနားသို့လည်း မကပ်၊ ကြည့်လည်းမကြည့်၊ ဒူးဆစ်နှစ်ဖက်လည်းပြတ်၊ လက်နှစ်ဖက်လည်း တံတောင်ဆစ်မှပြတ်၊ နှာခေါင်းပါပြတ်၍ တုံးတိတိကြီး ဖြစ်နေသဖြင့် "တေုံး"ဟုပင်ခေါ်၏၊ စကားပြောလျှင် တေုံးဟုပင် ထည့်၍ခေါ်၏။

BURMESE CLASSIC .com

## အတွင်းသဘောမတည့် ပြောင်းလဲတတ်သည်

ပဒုမမင်းသားသည် သွေးပြည်အနာများကို ဆေးကြော ကုသ၏၊ မယားနှင့် တေုံးတို့အတွက် နေ့စဉ် သစ်သီးများ ရှာ၍ကျွေး၏၊ တေုံးသည် အနာများ ပျောက်ကင်း ကျန်းမာလာ၏။ နေ့စဉ်ပင် ပဒုမမင်းသား၏ မယားနှင့် တေုံးတို့နှစ်ယောက်တည်း ကျန်ခဲ့ရာမှ ဆိတ်ကွယ်ရာအရပ်ဖြစ်၍ မယား၏ အတွင်းစိတ်တို့သည် ထကြွသောင်းကျန်းလာ၏၊ မိန်းမသည် စိတ်ကိုမထိန်းနိုင်ဘဲ သူကပင်စတင်၍ တေုံးနှင့် ဖောက်ပြန်လေတော့၏။ လင်သားက သစ်ဒိုးရှာထွက်၊ မယားက ခြေတိုလက်တိုနှင့် ပျော်မွေ့၊ နှစ်ယောက်တည်း လွတ်လပ်စွာ ပျော်ရ၍ တေုံးအပေါ်ပို၍ စွဲမက်လာတော့၏။ တေုံးနှင့်ကွဲသွားရမည်ကို စိုးရိမ်မိ၏။ ထို့ကြောင့် မိန်းမပရိယာယ် ဆင်ကာ တောင်ထိပ်သို့ လင်မယားနှစ်ယောက် သွားကြ၏။ တောင်ထိပ်ဖျားက သစ်သီးမှ လိုချင်သည်ဆို၍ ပဒုမမင်းသားက လှမ်း၍ အခူးတွင် မယားက နောက်မှ ချောက်ထဲ တွန်းချပြီး မိမိအပေါ် ချစ်သော ကျေးဇူးရှင် လင်သားကို အစတုံး ဖျောက်ဖျက်လိုက်တော့၏။



မိန်းမသည် တေုံးထံ ပြန်လာကာ ကိုယ်တိုင် သစ်သီး ရှာဖွေကျွေးမွေးရင်း တေုံးနှင့်သာ ပျော်မွေ့၍သာ နေတော့၏။

## မင်းသားဘုန်းကံ ထီးနန်းစံ

ပဒုမမင်းသားသည် မယားတွန်းချလိုက်ရာ ဆူးမရှိသော နွယ်ပင်များဖြင့် အုပ်ဆိုင်းနေသည့် ရေသဖန်းပင်ပေါ်သို့ ကျပြီး ဒဏ်ရာအနာတရ မရှိသော်လည်း မြေအနေအထားကိုလည်း မသိ၊ သစ်ကျား အန္တရာယ် ရှိ, မရှိကိုလည်း မသိ၍ စူးစမ်းအကဲခတ်ရန် အောက်သို့ မဆင်းဘဲ ရေသဖန်းသီးတို့ကိုသာ စား၍ နေ၏။

မကြာမီ ကြီးမားလှသော ဖွတ်ကြီးတစ်ကောင်သည် ရေသဖန်းသီးတို့ကို လာ၍ စား၏။ ပထမနေ့တွင် လူမြင်၍ ပြေးသော်လည်း တစ်စတစ်စ ရန်သူမဟုတ်မှန်း သိ၍ ရဲတင်းစွာ လာ၍ စားရင်း မင်းသားနှင့် အကျွမ်းဝင်သွားရာ လမ်းခရီးသို့ ပို့ပေး၏။

မင်းသားလည်း ရှာငယ်တစ်ခု၌နေစဉ်၊ ခမည်းတော်မင်းကြီး နတ်ရွာစံကြောင်း သိရသဖြင့် ဗာရာဏသီသို့ ပြန်ကာ ထီးနန်းစည်းစိမ်ကို ယူပြီး မင်းပြု၏။ ပဒုမမင်းကြီးဟု အမည်တွင်၏။

## အလှူကြီးပေး ကုသိုလ်ရေး

ပဒုမမင်းကြီးသည် တရားနှင့်အညီ မင်းပြု၏။ မြို့တံခါးလေးမျက်နှာ၊ မြို့လယ်နှင့် နန်းတော်တံခါး ၆–ဌာနတို့တွင် အလှူမဏ္ဍပ်ဆောက်၍ နေ့စဉ် အသပြာ ခြောက်သိန်း အကုန်ခံကာ အလှူကြီး ပေးနေ၏။

ထိုမိန်းမသည်လည်း တေုံးကို ကျောပိုးကာ လူနေရပ်သို့ လာလျက် တောင်းရမ်း၍ လင်ကို ကျွေးရ၏။ တောင်းတစ်လုံးကို

www.burmeseclassic.com

www.burmeseclassic.com



ရလျှင် ခေါင်းပေါ် ရွက်လျက် တောင်းရမ်းကျွေးရ၏။ ဗာရာဏသီမြို့တော်တွင် နေ့စဉ် အလှူကြီး ပေးနေသည်ဟု ပြောဆိုသံကြားလျှင် မိန်းမသည် တော့ကို ခေါင်းပေါ်ရွက်ကာ အလှူမဏ္ဍပ်သို့ လာ၏။

### ပြေးမလွတ်အောင် ကြမ္မာဆောင်

မင်းကြီးသည် အလှူမဏ္ဍပ်များကို ဆင်နှင့်လှည့်လည် ကြည့်ရှုရင်း အဝေးမှပင် မိန်းမယုတ်နှင့် တော့ကို မြင်၏။ မသိဟန်ဆောင်ပြီး ရှေ့တော်သို့ ခေါ်စေ၏။

"ဟယ် မိန်းမယုတ်၊ တော့သည် သင်နှင့် ဘယ်လို တော်စပ်သနည်း" ဟု မေးလျှင် "ကျွန်တော်မ၏ ဦးရီး၏ သားဖြစ်၍ မိဘများ ပေးစားသော ယောက်ျားဖြစ်ပါသည်" ဟု လျှောက်၏။

လူအပေါင်းတို့က မိန်းမအား ချီးမွမ်းကြ၏။ လင်ကို နှုတ်ကဲ့သို့ ရိုသေစွာ လုပ်ကိုင်ကျွေးနေသော မိန်းမပါတကား။

မင်းကြီးက ...

"ဟဲ့ ... မိန်းမ၊ ဤတော့သည် မိဘပေးစားသော ယောက်ျား အမှန်ပဲလား" ဟု ထပ်၍ မေးပြန်၏။ မိန်းမယုတ်သည် မင်းကြီးကို မမှတ်မိ၍ ...

"ဟယ် ... မိန်းမယုတ်၊ ပဒုမမင်းသားသည် ညီတော်တို့ကို မငဲ့ကွက်၊ မယားကို ထမ်း၍ ပြေးခဲ့၏။ ငါ၏ ဒူးဆစ်မှ သွေးကိုပင် သောက်၍ တော့နှင့်ဖောက်ပြန်ပြီး ငါ့ကို ချောက်ကမ်းပါးမှ တွန်းချလိုက်သည် မဟုတ်လော" ဟု မေး၏။ မိန်းမယုတ်သည် သည်းအူပြတ်မျှ တုန်ရီ မိုက်မောကာ လဲမတတ် ဖြစ်သွားလေ၏။



"ဟယ် ... မိန်းမယုတ်၊ သေမင်းသို့သို့ နှင်ရန်ဖူးကို စံခွဲ၍ ငါ့ထံ လွှတ်လိုက်သည်။ ငါသေပြီမှတ်၍ (ဤ)အရပ်သို့ ရောက်သည် မဟုတ်လော၊ ငါအသက်ရှင်နေသေးသည်ကို သင်မြင်ရပြီ မဟုတ်လော" ဟု ကြိမ်းမောင်း၏။ မှူးမတ်များနှင့် ပရိသတ်ကိုပါ အကြောင်းစုံ ဇာတ်လုန်၍ ပြောပြီး မင်းကြီးသည် သည်းမခံတော့ဘဲ ...

"အို ... အမတ်တို့၊ ဤမိန်းမယုတ်ကို အသက်ရှင်စဉ် နား၊ နှာခေါင်းတို့ကို ဖြတ်လော့၊ ကျေးဇူးကို မထောက်ထား၊ သူတစ်ပါး မယားခိုးယူသော ဤတော့ကို ကျည်ပွေ့ဖြင့် စိစိညက်ညက် ကြေအောင် ဒဏ်ပေးလော့" ဟု အမိန့်မှတ်၏။

### သတိဖြင့်ထိန်း အကုသိုလ်ငြိမ်း

မင်းကြီးသည် ချက်ခြင်းပင် သတိကို ထိန်းချုပ်ပြီး ...

"အမတ်တို့ ဤမိန်းမယုတ်၏ ခေါင်းပေါ်မှ တောင်းကို ချမရအောင် ပြုလုပ်၍ တော့ကို တောင်း၌ထည့်ပြီး ငါ့နိုင်ငံမှ နှင်ထုတ်ကြလေ၊ အသက်ကို ချမ်းသာပေးကြပါလေ" ဟု အမိန့်သစ် ချမှတ်ကာ နန်းတော်သို့ ပြန်သွားလေ၏။

### ဇာတ်ပေါင်းသော်

ထိုအခါက ညီတော်ခြောက်ယောက် ယခု မထင်ရှားသော မထေရ်ခြောက်ပါး ဖြစ်လာ၏။

မိန်းမယုတ်သည် စိဉ္စမာနဝိကာ။ တော့သည် ဒေဝဒတ်၊ ဖွတ်မင်းသည် အာနန္ဒာ၊ စူဠပဒုမသည် ပါဘုရား ဖြစ်လာ၏ ဟု ဇာတ်တော်ကို ပေါင်း၏။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



## (၇) မိန်းမအနံ့ကို မခံနိုင်သော

### ခင်းသားဝတ္ထု

(ဇာ ၂၆၃။ စူဠပလောဘနဇာတ်)

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ်...

သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ "ချစ်သားတို့၊ မိန်းမတို့မည်သည် မင်ကြယ်သောသူကို ညစ်ညူးစေတတ်သည်" ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဟောတော်မူသည်ကား...

### အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ်...

သားသမီးရတနာ မထွန်းကား၍ မင်းကြီးသည် မိဖုရားတို့အား သားဆုကို တောင်းစေ၏။

### မိန်းမတို့အနံ့ မခံနိုင်သူ

ထိုအခါ ဘုရားလောင်းသည် ဗြဟ္မာ့ပြည်မှ စုတေ၍ ဗြဟ္မဒတ်မင်း၏ မိဖုရားဝမ်း၌ ပဋိသန္ဓေ တည်၏။ ဖွားသန့်စင်သည်မှစ၍ မိန်းမများချီလျှင် ငို၏။ ယောကျ်ားများသာ ချီရ၊ ထိန်းရ၏။ မိန်းမဆိုလျှင် ကြီးကြီးငယ်ငယ် အနီးသို့ အလာမခံ၊ မိန်းမတို့ကို မမြင်ရအောင် ထားရ၏။ နို့တိုက်ရာတွင် မိန်းမများကို မမြင်စေဘဲ ကာထားကြား၌ ပုန်းလျှိုးတိုက်ကြရ၏။ တစ်ခါတစ်ရံ မိန်းမတို့မှ နို့ကို ညစ်ယူပြီး ယောကျ်ားများက တိုက်ကြရ၏။



မင်းကြီးသည် ထိုသူငယ်ကို မိန်းမ မလိုလားသူ၊ မိန်းမတို့၏ အနံ့မခံနိုင်သူ (အနိတ္ထိဂန္ဓမင်းသား) ဟု ခေါ်တွင်ပေ၏။ ခုနစ်ပေါက်ပြေးလွှား ကစားတတ်သော အရွယ်တွင် သီးခြားစီ အိမ်ဖြင့် နေစေ၏။

### မိန်းမတယာ လှည့်ဖြားကာ

မင်းကြီးသည် သားတော် (၁၆) နှစ်အရွယ်သို့ ရောက်သည်အထိ မိန်းမဆိုလျှင် မမြင်ချင် ဖြစ်နေ၍ "ငါ့မှာ အခြားသော သမီးမရှိ၊ သားတော်မှာ မိန်းမကိုပင် မမြင်ချင်သူဖြစ်၍ ထီးနန်းလက်ခံလိမ့်မည် မဟုတ်" စိုးရိမ်တကြီး ဖြစ်နေ၏။

ထိုအခါ အဆိုအကအတီး၌ ကျွမ်းကျင်လိမ္မာသည့် ကချေသည်မကလေးက "မင်းကြီး အရှင့်သားနှင့် ပေါင်းသင်း၍ တာဝန်ယူပါရစေ၊ မင်းသားအား ကာမဂုဏ်အရသာဖြင့် ထိတွေ့ပြီး ကျွန်မဘက် ပါလာအောင် ဖြားယောင်းပါမည်" ဟု လျှောက်တင်၏။

မင်းကြီးက "ကောင်းပြီ သားတော်သာ သင့်အလိုသို့ ပါအောင် ဆွဲဆောင်နိုင်လျှင် သားတော်ကို ထီးနန်းအပ်၍ သင်သည် မိဖုရား ဖြစ်စေရမည်" ဟု မိန့်၏။

နံနက်လင်းလျှင် ကချေသည်မကလေးသည် ယောကျ်ားအသွင် ဝတ်ဆင်၍ စောင်းကိုပိုက်လျက် မင်းသား၏ စံအိမ်အနီးသို့သွားကာ သာယာသော အသံဖြင့် သီဆို၍ စောင်းကို တီးခတ်၏။ မင်းသား၏ အတွင်းလူများကို မှာကြားထား၏။

သီချင်းသံ၊ စောင်းသံကြား၍ မင်းသားစိတ်ဆိုးလျှင် လာရောက် ပြောကြားပါ၊ ထွက်သွားပါမည်ဟု ပြော၏။

www.burmeseclassic.com

www.burmeseclassic.com

မင်းသားသည် မကြားစဖူးသော သာယာလှသည့် သီချင်းဆိုသံနှင့် စောင်းသံကို ကြားလျှင် နားစွင့်၍ ထောင်မိ၏။ နားစွင့်ထောင်နေရာမှာ အိပ်ရာထက်တွင် လျောင်း၍ နားထောင်၏။

နောက်တစ်နေ့တွင် မင်းသားသည် သီချင်းသည်အား စံအိမ်တွင်းသို့ ခေါ်၍ သီဆိုတီးခတ်စေ၏။ သီချင်းသံနှင့် တီးခတ်သံတို့ကို မင်းသားသည် သာယာကြည်နူးလှပြီး နေ့စဉ်ပင် အနီး၌ တီးမှုတ်စေတော့၏။ ရက်ကြာလျှင် မင်းသားသည် ကချေသည်မကလေး၏ ပရိယာယ်ကြားတွင် နှစ်မျောကာ "ဟယ်... မိန်းမဆိုတာ ဒါပါလား" ဟု သောက်လေသောက်လေ ငတ်မပြေသော အားငန်ရေပမာ ကာမအရသာကို ခံစားရင်း နန်းတွင်းသူများကိုပါ သိမ်းပိုက်ကာ ရမ္မက်တဏှာ ပြင်ထန်လှသည့်အလျောက်၊ ကာမဂုဏ်အရသာကို အခြားယောက်ျား မှီဝဲ ခံစားမည်ကို မလိုလားသော (တဏှာလောဘ) သည် တစ်ဖက်စွန်းသို့ ရောက်၏။ ရာဂမွတ္တက တဏှာရူး ဖြစ်သွားကာ ယောက်ျားမြင်မြင်သမျှ သန်လျက်နှင့် ပိုင်းသတ်ရန် လိုက်လေတော့၏။

ထိုအခါ ခမည်းတော်သည် မနေသာတော့ဘဲ သားတော်ကို ဖမ်းဆီးစေကာ ကချေသည်မနှင့်အတူ တိုင်းပြည်မှ နှင်ထုတ်ရလေတော့သည်။

### ထိုမိန်းမ

(အနိတ္ထိဂန္ဓ) မင်းသားသည် ကချေသည်မကို ခေါ်ပြီး တောသို့ဝင်၍ ဂင်္ဂါမြစ်နှင့် သမုဒ္ဒရာအကြားတွင် သစ်ခက်တဲနန်း ဆောက်လုပ်၍ နေ၏။ မင်းသားက သစ်သီးသစ်ဥ ရှာပြီး ကချေသည်မက ရသမျှသစ်ဥတို့ကို ပြုတ်ရ၏။



တစ်နေ့တွင် မင်းသားသစ်သီးရှာထွက်ခိုက် ဈာန်ရ ရသေ့တစ်ပါးသည် ကောင်းကင်ခရီးဖြင့် ဆွမ်းခံကြွရာ၊ မီးခိုးတို့ကို မြင်၍ ဆင်းသက်လာ၏။ ကချေသည်မသည် သစ်သီးသစ်ဥကို ပြုတ်နေရာမှ မကျက်သေး၍ ရသေ့အား ခေတ္တ ဆိုင်းငံ့ရန် လျှောက်၏။ ဆိုင်းငံ့နေခိုက်တွင် ယောက်ျားတစ်ယောက်နှင့် မလုံလောက်သော ကချေသည်မသည် မိန်းမတို့ မာယာဖြင့် ရသေ့အား ဖြားယောင်းသွေးဆောင် ဖျက်ဆီးလေ၏။ ရသေ့၏ မြတ်သော အကျင့်တို့ ပျက်ပြား ဈာန်သမာပတ်တို့ ကွယ်ပျောက်ရလေ၏။

ထိုရသေ့သည် အတောင်ကျိုးသော ငှက်ကဲ့သို့ ဖြစ်ပြီး ကချေသည်မအပေါ် တပ်မက်စွဲလန်း၍ တစ်နေ့ပတ်လုံး ကချေသည်မနှင့်အတူ နေ၏။ မင်းသား သစ်သီးရှာရာမှ ပြန်အလာတွင် ရသေ့ကို တွေ့မြင်လေသော် ရသေ့သည် လျင်မြန်စွာ သမုဒ္ဒရာသို့ ရှေ့ရှုပြေး၏။ မင်းသားသည် သန်လျက်ကိုင်၍ နောက်မှလိုက်၏။ ရသေ့သည် ကောင်းကင်သို့တက်ရာ ဈာန်လျောပြီးဖြစ်၍ သမုဒ္ဒရာသို့ ကျသွား၏။

### အနိတ္ထိဂန္ဓ၏ ဥဒါန်းစကား

မင်းသားသည် ရသေ့၏ ဖြစ်ပျက်ပုံကိုမြင်လျှင် ဤရသေ့ကား ဈာန်ရရသေ့ ဖြစ်ဟန်တူသည်။ ဈာန်လျော ကျသွား၍သာ သမုဒ္ဒရာသို့ ကျရခြင်း ဖြစ်ဟန်တူသည်။ ငါသည် ရသေ့ကို သတိပေးသင့်၏" ဟု ကြံစည်ကာ ကမ်းနားမှ နေ၍...

"ဤရသေ့ကား တန့်ခိုးဖြင့် ရေကို မတုန့်လှုပ်စေဘဲ လာပြီးလျှင် ...

www.burmeseclassic.com

www.burmeseclassic.com



မိန်းမနှင့် ရောနှောဆက်ဆံမိ၍သော သမုဒ္ဒရာ၌နစ်မြုပ်ရ၏။”

“မိန်းမတို့ကား လှည့်ပတ်တတ်ကုန်၏။ မာယာများကုန်၏။ အကျင့်မြတ်ကို ဖျက်ဆီးတတ်၏။ အပါယ်မှာ နစ်တတ်၏။ ထိုအကြောင်းကို သိသော ပညာရှိတို့သည် မိန်းမတို့ကို ဝေးဝေးမှ ရှောင်ကြဉ်ရာ၏။”

“မိန်းမတို့ကား ယောကျ်ားတို့ကို အလိုဆန္ဒတူသဖြင့်လည်းကောင်း၊ ပစ္စည်းဥစ္စာ လိုချင်၍လည်းကောင်း ပေါင်းသင်း ဆက်ဆံကြ၏။ မီးသည် မိမိမှီရာ ထင်းကို လောင်ကျွမ်းစေသကဲ့သို့ မိမိတို့ ပေါင်းသင်း မှီခိုဆက်ဆံရာ ယောကျ်ားကို မိန်းမသည် လျင်မြန်စွာ လောင်ကျွမ်းစေ၏။” ဟု ရသေ့အား ပြောဟောလေ၏။

ရသေ့သည် မင်းသား၏ စကားကို ကြားလျှင် သမုဒ္ဒရာ အလယ်မှာပင် ပြန်လည် ဆင်ခြင်၍ ဈာန်သမာပတ်ကို ပြန်လည်ရရှိကာ ကောင်းကင်ခရီးဖြင့် မိမိနေရာသို့ ပြန်သွားလေ၏။

အနိတ္ထိဂန္ဓမင်းသားသည် ရသေ့၏ ဈာန်အဟုန်ကို မြင်၍ သတိသံဝေဂရကာ “ငါလည်း ဈာန်တရားကို အားထုတ်တော့မည်” ဟု ဆုံးဖြတ်၏။ ကချေသည်ကိုလည်း “သွားလိုရာ သွားပေတော့” ဟု ပြောပြီး မြို့တော်သို့ ပြန်ပို့၏။ မင်းသားသည် တောသို့ ပြန်၍ ရသေ့ ရဟန်းပြု၏။ တရားအားထုတ်ပြီး ဈာန်သမာပတ်တို့ကို ဖြစ်စေလျက် သေလွန်သောအခါ ဗြဟ္မာပြည်သို့ လား၏။

ဇာတ်ပေါင်းသော်

အနိတ္ထိဂန္ဓသည် ငါဘုရားဖြစ်လာ၏ ဟု ဇာတ်ပေါင်းတော်မူ၏။

* * * * *



(၈) မိန်းမယုတ်ဝတ္ထု

(ဇာ ၄၇၂၊ မဟာပဒုမဇာတ်)



ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်...

သာဝတ္ထိ တစ်ပြည်လုံးလိုလိုပင် မြတ်စွာဘုရားနှင့် သံဃာတော်များအား ကိုးကွယ် ဆည်းကပ်ကြသဖြင့် တိတ္ထိတို့မှာ လာဘ်လာဘ ရှားပါးစွာ နေရလေ၏။ မြတ်စွာဘုရားနှင့် သံဃာတော်များ ပျက်စီးစေရန် အမျိုးမျိုး ကြံဖန်ကြသည့်အနက် ...

တိတ္ထိတို့သည် အကြံကြီးကြံကာ “စိဉ္စမာနဝိကာ” အား ဘုရားရှင်အပေါ် မဟုတ်မမှန် စွပ်စွဲလုပ်ကြံပြီး အကြည်ညို ကင်းမဲ့ကြစေရန် စီမံကြ၏။ ညနေစောင်းအချိန် ဇေတဝန်ကျောင်းဝိုင်းအနီးတွင် စောင်ထုပ်ကလေး ဦးခေါင်းတွင်ရွက်ကာ လူအများမြင်သာအောင် ခေါက်တုန့်ခေါက်ပြန် လျှောက်၏။

www.burmeseclassic.com

www.burmeseclassic.com



နံနက်စောစော ဘုရားရှင်အား ပူဇော်ရန် သာဝတ္ထိပြည်သူတို့ လာကြချိန်တွင် အဝတ်ကလေး ခေါင်းဟွင်ခြုံ၍ ရက်ကိုးရက်ကန်း အမူအယာဖြင့် လူမြင်အောင် ကျောင်းတော်ဝမှ နံနက်တိုင်း ထွက်၍လာ၏။ ရက်ကြာလာလျှင် ကိုယ်ဝန်ရှိဟန်ဖြင့် ဗိုက်ကို ဖုံးကာဖုံးကာ ဟန်ပြ၏။ တစ်နေ့ထက် တစ်နေ့ ကိုယ်ဝန်ကြီးလာဟန် လုပ်၏။

တစ်ညနေတွင် စိဉ္စမာနဝိကာသည် ဝမ်းဗိုက်တွင် ပျဉ်ချပ်ကို ကြိုးဖြင့်ချည်ကာ ကိုယ်ဝန် အရင့်အမာဟန်ဖြင့် တရားနာ ပရိသတ်စုံချိန်တွင် လာ၍ ဘုရားရှင်အား "ကိုယ်ဝန်ကို မစောင့်ရှောက်ကောင်းလား" ဟု ပြောဆို စွပ်စွဲလေတော့၏။

မြတ်စွာဘုရားသည် ငြိမ်သက်တော်မူသော ဣန္ဒြေဖြင့် တစ်စုံတစ်ရာမှ မြွက်ဇတော်မူခြင်း မရှိချေ။

ထိုအခိုက် သိကြားမင်းသည် နတ်သား လေးယောက်တို့အား ကြွက်ငယ်ဟန် ဖန်ဆင်း၍ ပျဉ်ချပ်တွင် ချည်နှောင်သော ကြိုးတို့ကို ဖြတ်စေရာ၊ ပျဉ်ချပ်ကြီး ပြုတ်ကျပြီး စိဉ္စမာနဝိကာ၏ ခြေဖျားနှစ်ဖက်ပေါ် ကျလေ၏။

ပရိသတ်တို့သည် အယုတ်အမာအား ကြိမ်းမောင်းလျက် နှင်ထုတ်လိုက်ကြ၏။ စိဉ္စမာနဝိကာသည် ကျောင်းဥပစာ လွန်သည်နှင့် အဝီစိငရဲသို့ ကျလေ၏။

ရဟန်းတို့သည် တရားသဘင်၌ စိဉ္စမာနဝိကာ အကြောင်းကို စကားစပ်မိ၍ ပြောဆိုကြရာ၊ မြတ်စွာဘုရား သိတော်မူလျှင်...

"ရဟန်းတို့ စိဉ္စမာနဝိကာသည် ယခုအခါ၌သာ ငါ ဘုရားကို မဟုတ်မမှန် စွပ်စွဲ၍ ပျက်စီးရသည် မဟုတ်" ဟု အတိတ်ဇာတ်ကို ဟောကြားတော်မူသည်။



## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ်...

ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ သားတော်ဖြစ်၏။

ပဒုမ္မာကြာပန်းကဲ့သို့ တင့်ဆန်းသော အသရေရှိ၍ "မဟာပဒုမမင်းသား" ဟု အမည်တွင်၏။ အရွယ်ရောက်လျှင် တက္ကသိုလ်ပြည်သို့ ပညာသင်ကြားပြီး တိုင်းပြည်သို့ ပြန်ရောက်၍ မကြာမီပင် မယ်တော်မိဖုရား နတ်ရွာစံလေ၏။

မင်းကြီးသည် မြတ်နိုးလှသော မိဖုရားငယ်တစ်ပါးကို မိဖုရားကြီးအရာ၌ ထား၏။ သားတော် မဟာပဒုမမင်းသားကို အိမ်ရှေ့မင်းအရာ၌ ထား၏။

တစ်နေ့၌ တိုင်းစွန်ပြည်ဖျားတွင် ပုန်ကန် ထကြွ၍ မင်းကြီးကိုယ်တိုင် နှိမ်နင်းရန် စစ်ထွက်ရမည်ဖြစ်ရာ၊ သားတော် မဟာပဒုမမင်းသားကို ထီးနန်းလွှဲအပ်ခါ မိဖုရားကြီး လိုအပ်သမျှကို ဆောင်ရွက်ပေးရန် မှာကြား၏။

မိဖုရားကြီးကိုလည်း လိုအပ်သမျှကို သားတော် အိမ်ရှေ့မင်းသားအား ပြောကြားရန် မှာကြား၍ စစ်ထွက်ခဲ့၏။

မင်းကြီးသည် ရန်အေးငြိမ်း၍ မြို့တော်သို့ ပြန်လာတော့မည့်အကြောင်း အိမ်ရှေ့မင်းအား အကြောင်းကြားစေ၏။ အိမ်ရှေ့မင်းလည်း ခမည်းတော် ပြန်လာမည့်အကြောင်းသိလျှင် ကြိုဆိုရန် မြို့တော်အားလုံးကို တန်ဆာဆင်စေ၍ မိဖုရားကြီးကို မင်းကြီး ပြန်လာမည့်အကြောင်းကို ပြောကြားရန် ကိုယ်တိုင်ပင် မိဖုရားစံရာ ကျက်သရေတိုက်ခန်းသို့ ဝင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



## လိုတာမရလျှင် ရှုံ့သူပင်

မိဖုရားသည် ကျက်သရေတိုက်ခန်းတွင်း၌ တစ်ကိုယ်တည်း စံနေစဉ်၊ ကျက်သရေ တိုက်ခန်းသို့ ဝင်လာသော မဟာပဒုမ မင်းသား၏ တင့်တယ်လှသော အဆင်းမြင်လျှင် တပ်မက်လွန်း လှသဖြင့် မင်းသား၏ လက်ကိုဆွဲကာ "အိပ်ရာထက်သို့တက်ပါ၊ မင်းကြီး မလာသေးမီ ပျော်ပါးကြစို့" ဟု ခေါ်၏။ မင်းသားသည် အံ့အားသင့်သွားပြီး ...

"မိခင် သင်သည် မိခင်လည်းဖြစ်၏။ လင်ရှိမယားလည်း ဖြစ်၏။ လင်ရှိမိန်းမကို စေ့စေ့မျှပင် မကြည့်ခဲ့ဖူးပါ။ ဘာကြောင့် သင်နှင့် ညစ်နွမ်းသောအကျင့်ကို ကျင့်ရမည်နည်း" ဟု ပြောဆိုလေ၏။

မိဖုရားသည် အတင်းဆွဲ၏။ မင်းသားက အတင်း ရုန်းကန်၏။ မိဖုရားက တောင်းပန်၏။ မင်းသားက ငြင်းဆန်၏။ နှစ်ကြိမ် သုံးကြိမ်မျှဆွဲ၍ မရလျှင် မိဖုရားက ကြမ်းလာ၏။

"သင်... ငါ့အလိုကို လိုက်မလား၊ မလိုက်ဘူးလား" ဟု မေးတော့၏။

"မလိုက်နိုင်ပါ" ဟု မင်းသားက ပြတ်ပြတ်ပြောလျှင် ...

"ကောင်းပြီ၊ မင်းကြီးကို လျှောက်ထား၍ သင့်ဦးခေါင်းကို ဖြတ်စေမည်" ဟု ပြော၏။ မင်းသားက ...

"ကြိုက်သလိုသာ လျှောက်တင်လော့" ဟု ပြော၍ထွက်ခဲ့၏။

## မ,စိတ်ရွှန်လျှင် အဆင်ခြင်နိုင်

မိဖုရားက "မင်းကြီးထံ အိမ်ရှေ့မင်းက ကြိုတင်လျှောက် ထားလျှင် ငါ့အသက် ရှိတော့မည်မဟုတ်။ ငါက ဦးအောင် လု



ထားမှ" ဟူ၍ ထမင်းကိုစားပြီး အဝတ်နွမ်းကို ဝတ်ကာ တစ်ကိုယ်လုံး မိမိလက်သည်းများဖြင့် ကုတ်ခြစ်လျက် "မင်းကြီး ငါ့ကို မေးလျှင် နေမကောင်း၍ အခန်းအောင်းနေသည်" ဟု ပြောရန် မှာကြားပြီး တံခါးပိတ်ကာ အိပ်၍နေလေသည်။

မင်းကြီးလည်း ကြိုဆိုပွဲတွင် မိဖုရားကြီးကို မတွေ့၍ မေး လေလျှင် နေမကောင်းဟု သိရသဖြင့် မိဖုရားကြီးထံ အလျင်အမြန် သွား၏။ မိဖုရားကြီးသည် ငိုယို၍ နေလေ၏။

"ရှက်လှပါသည်။ လင်မရှိသည့် မိန်းမပင် ကျွန်မကဲ့သို့ အစော်ကား ခံရမည် မဟုတ်ပါ" ဟု ငိုယို၍ ပြော၏။

မင်းကြီးက...

"ဘယ်သူ စော်ကားသနည်း" ဟု မေး၏။

"အိမ်ရှေ့မင်းသားသည် အိပ်ခန်းတွင်းဝင်၍ သူနှင့် ပျော် ပါးရန် ပြောပါသည်။ ငါသည် မယ်တော်ဖြစ်ပါသည်ဟု တောင်းပန် ပါသော်လည်း မရ၊ ဆံပင်ကို ဆွဲ၍ အတင်းလှဲပြီး စော်ကားသွား ပါသည်။ ရုန်းကန်ရသည့် ဒဏ်ရာများကိုသာ ကြည့်ပါတော့" ဟု လုပ်ကြံ လျှောက်ထား၏။

မင်းကြီးသည် မ, စိတ်မွှန်၍ မဆင်ခြင်မိဘဲ ဒေါသ ချောင်း ချောင်းထွက်ကာ မင်းချင်းတို့ကို ခေါ်ပြီး "အိမ်ရှေ့မင်းသားကို နှောင်ကြိုးတည်း၍ ငါ့ထံယူခဲ့" ဟု တစ်ချက်လွှတ် အမိန့်ပေး လိုက်၏။

မင်းချင်းတို့သည် အပြေးအလွှား အိမ်ရှေ့မင်းအိမ်ကို ဝိုင်း ပြီး ကြိုးတုပ်ကာ တရကြမ်းဆွဲ၍ ခေါ်သွားကြ၏။ မြို့သူမြို့သား တို့လည်း အုတ်အုတ်ကျက်ကျက် ဖြစ်ကာ ဝိုင်း၍ ကြည့်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com


"ငါ့မှာ အပြစ်မရှိ၊ ခမည်းတော်ကို ငါမပြစ်မှား" ဟု ပြောရင်း ဆွဲရာသို့ ပါသွားလေလျှင် မြို့သူမြို့သားတို့သည် မဟာပဒုမ မင်းသားခြေကို ဖက်လျက် ငိုကြွေးကြ၏။

ခမည်းတော်လည်း သားတော်ကိုမြင်လျှင် ပို၍ဒေါသထွက်ခါ ...

"ငါ့သားဖြစ်လျက် မိဖုရားကြီးကို ပြစ်မှား၏။ ရာဇဝတ်သားတို့ ပစ်ချရာ တောင်ထိပ် ချောက်ကမ်းပါးက ပစ်ချလိုက်ကြ" ဟု တစ်ချက်လွှတ် ,အမိန့်ချမှတ်လေ၏။

သားတော်က ...

"ခမည်းတော်ဘုရား၊ သားတော်မှာ အပြစ်မရှိပါ၊ မိန်းမ စကား ယုံစားပြီး သားတော်ကို သတ်တော်မမူပါလင့်" ဟု တောင်းပန် လျှောက်ထား၏။ မင်းကြီးက နားမထောင် မျက်နှာ လွှဲနေ၏။ နန်းတွင်းသူတို့ ငိုကြွေးကြကုန်၏။

သူဌေး, သူကြွယ်, မှူးမတ်တို့က ...

"အရှင်မင်းကြီး သားတော် အိမ်ရှေ့မင်းသည် အကျင့်သီလနှင့် ပြည့်စုံပါသည်။ တိုင်းပြည်၏ အမွေလည်း ဖြစ်ပါသည်။ မိန်းမစကားကို ယုံပြီး သတ်တော်မမူပါလင့်၊ မင်းတို့မည်သည် စုံစမ်းဆင်ခြင်၍ ပြုအပ်သည်" ဟု လျှောက်ထားကြ၏။

သူဌေး, သူကြွယ်, မှူးမတ်တို့က ဆက်လက် လျှောက်ထားကြသည်မှာ ...

## မင်းတို့ကျင့်ဖွယ် အသွယ်သွယ်

"မြတ်သောမင်းကြီး၊ မင်းတို့မည်သည် အပြစ်ကြီးငယ် ကိုယ်တိုင် မစုံစမ်း မဆင်ခြင်ဘဲ အပြစ်ဒဏ် မပေးသင့်ပါ"

"မြတ်သောမင်းကြီး၊ မစုံစမ်း မဆင်ခြင်ဘဲ၊ အပြစ်ဒဏ် ပေးသော မင်းမည်သည် မျက်စိကန်းသူသည် ယင်ကောင်ပါ၍ ဆူးရှိသည့် အစာကို မျိုသကဲ့သို့ နှောင်အခါ မထွေးနိုင် မအန်နိုင် ဖြစ်တတ်ပါသည်"

"မြတ်သောမင်းကြီး၊ အပြစ်ဒဏ် မပေးထိုက်ဘဲ အပြစ်ဒဏ်ပေးပြီး၊ အပြစ်ဒဏ် ပေးထိုက်သူကို မပေးသော ပြည့်ရှင်မင်းသည် မျက်စိကန်းသူ လမ်းကောင်းမမြင်ကဲ့သို့ ဖြစ်တတ်ပါသည်"

"မြတ်သောမင်းကြီး၊ အပြစ်ကြီးငယ် ဟူသမျှ၏ အကြောင်းအရာကို ကောင်းစွာ သိမြင်သဖြင့် ဆုံးမသော မင်းသည် အမှန်ပင် မင်းပြုရန် ထိုက်တန်ပါသည်။" "မြတ်သောမင်းကြီး၊ နူးညံ့သိမ်မွေ့ လွန်းသော မင်းသည် မိမိကိုယ်ကို မြင့်မြတ်သော နေရာ၌ မထားနိုင်၊ ထက်လွန်းသော မင်းသည်လည်း မိမိကိုယ်ကို မြင့်မြတ်သော နေရာ၌ မထားနိုင်၊ ထို့ကြောင့် နူးသင့်လျှင်နူး၊ ကြမ်းသင့်လျှင် ကြမ်း၍ အနုအထက် နှစ်ပါးစလုံးကို ကျင့်ရမည်။

"မြတ်သောမင်းကြီး နူးညံ့လွန်းသောမင်းသည် တိုင်းသူ ပြည်သားတို့၏ အနိုပ်စက်ကို ခံရတတ်၏၊ ထက်လွန်းသော မင်းသည် လည်း ရန်များလှ၏။ ထို့ကြောင့် မနူးညံ့လွန်း မထက်လွန်းသော အကျင့်ကို ကောင်းစွာ ကျင့်ရာ၏။"

ဟု အကြောင်းအမျိုးမျိုးပြကာ တောင်းပန်ကြ၏။ မရ၊ မင်းသားက ထပ်မံလျှောက်ထားသော်လည်း မရဘဲ ...

"အမတ်တို့ လူတိုင်းလူတိုင်း အိမ်ရှေ့မင်းသားဘက်က ဖြစ် နေကြသည်၊ ငါ့မိဖုရားမှာ တစ်ယောက်တည်း ဖြစ်နေသည်၊ သနား

www.burmeseclassic.com

www.burmeseclassic.com

စရာ ကောင်းလှသည်၊ အမွှတို့ကို စီရင်ချက်ချမည်၊ ယခုပင် မင်းသားကို ဆွဲခေါ်သွားပြီး တောင်ကမ်းပါးပြတ်က ပစ်၍ ချလိုက်ကြ”

ဟု အမိန့်ပေးကာ မျက်နှာလွှဲလိုက်၏။ တိုင်းသူပြည်သားလူအများတို့သည် ဆံပင်ကို ဖရိုဖရဲကြဲကာ ငိုကြွေးကြလေ၏။

မင်းချင်းတို့လည်း မင်းသားကို ဆွဲခေါ်သွားကာ တောင်ကမ်းပါးပြတ်က ဦးခေါင်းကို အောက်ထိုး ပစ်ချလိုက်ကြ၏။

## မေတ္တာအာနုဘော်

မဟာပဒုမမင်းသား၏ မေတ္တာအာနုဘော်ကြောင့် တောင်စောင့်နတ်သည် လက်ဖြင့်ခံယူပြီး ရင်ခွင်၌ နတ်ငွေ့ပေး၍ တောင်ခြေရင်းတွင် ရှိသော နဂါးမင်း၏ ပါးပျဉ်းထက်မှာ ထားလေ၏။

နဂါးမင်းသည် မဟာပဒုမ မင်းသားကို နဂါးပြည်သို့ ဆောင်ယူကာ စည်းစိမ်တစ်ဝက်ခွဲပေး၏။

မဟာပဒုမ မင်းသားသည် နဂါးပြည်၌ တစ်နှစ်ကြာလျှင် နဂါးမင်းအား လူ့ပြည်သို့ပြန်၍ ဟိမဝန္တာအရပ်၌ ရသေ့ရဟန်းပြုလိုပါသည်ဟု တောင်းပန်၏၊ နဂါးမင်းလည်း ရဟန်းပရိက္ခရာစုံလင်စွာဖြင့် ဟိမဝန္တာသို့ ပို့ပေး၏။

မဟာပဒုမမင်းသားသည် ရသေ့ရဟန်းပြုပြီး ဈာန်အဘိညာဉ်ရ၍ တောသစ်သီးသစ်ဥတို့ဖြင့် မျှတကာနေ၏။

## ပြန်လည်တွေ့ဆုံ လောကဘုံ

တစ်နေ့တွင် ဗာရာဏသီပြည်မှ မုဆိုးတစ်ယောက်သည် မျက်စိလည် လမ်းမှား၍ ရသေ့ ကျောင်းသခ်မ်းသို့ ရောက်လာ၏။ တစ်ရက်၊ နှစ်ရက် နေမိလျှင် မုဆိုးသည် မှတ်မိ၍ “မဟာပဒုမ မင်းသား မဟုတ်လား” ဟု အတိအလင်းမေး၏။ ရသေ့က ဟုတ်မှန်ကြောင်း ပြော၏။

မုဆိုးသည် နှစ်ရက်၊ သုံးရက်နေပြီးလျှင် မြို့တော်သို့ ပြန်၏။

မင်းကြီးအား မဟာပဒုမမင်းသားကို ရသေ့ဝတ်ဖြင့် တွေ့မြင်ခဲ့ရကြောင်း၊ လျှောက်ထား၏။

မင်းကြီးမယုံ။

မုဆိုးက ကျောင်းတွင် နှစ်ရက်၊ သုံးရက်မျှ အတူနေခဲ့ကြောင်း ရသေ့ကိုယ်တိုင် မှန်ကြောင်း ပြောဆိုကြောင်း လျှောက်ထားမှ ယုံကြည်တော်မူပြီး စစ်သည်ဗိုလ်လု ခြံရံကာ မုဆိုးကို လမ်းပြစေ၍ သားတော်ရသေ့ထံ သွားလေ၏။

သစ်ရွက်တဲ ကျောင်းတံခါးဝ၌ ရွှေဆင်းတုကဲ့သို့ ထိုင်နေတော်မူသော သားတော်ကိုမြင်လျှင် ကြည်ညိုစိတ်ဖြင့် ရှိသေစွာ ရှိခိုးကြပြီး သင့်တင့်ရာ အရပ်တို့၌ နေကြ၏။

ရသေ့သည် ခမည်းတော် မင်းကြီးနှင့် မှူးမတ်တို့အား ပဋိသန္ထာရစကား ပြောကြား၏။

ခမည်းတော် မင်းကြီးက “ဤမျှ အသွတစ်ရာနက်သော ချောက်ကမ်းပါးပြတ်သို့ ချပါလျက် အဘယ့်ကြောင့် သားတော် မသေပါသလဲ”

www.burmeseclassic.com

www.burmeseclassic.com



သားတော်က နဂါးမင်း အခွေဖြင့် ခံထား၍ မသေကြောင်း မှစ၍ ပြောပြ၏။

## ငါးမျှားချိတ်ကို မျို၍

ခမည်းတော်က သားတော်အား တိုင်းပြည်သို့ လိုက်ခဲ့ပါ။ ထီးနန်းကို လွှဲအပ်ပါမည် ဟောထဲ၌ မနေပါနှင့်ဟု တောင်းပန်၏။

သားတော်ရသေ့က ...

"ခမည်းတော် ငါးမျှားချိတ်ကို မျို၍ သွေးနှင့်တကွ ထွေး အန်ခဲ့ရသဖြင့် ချမ်းသာရသည်ကို ကိုယ်တွေ့ ကြုံရပါပြီ" ဟု ပြော၏။ မင်းကြီးက အဓိပ္ပာယ် မသိ၍ ...

"သားတော် ငါးမျှားချိတ် ဆိုသည်မှာ အဘယ်ဝတ္ထုကို ပြောသနည်း။ သွေးနှင့်တကွ ဆိုသည်မှာ ဘယ်အရာနည်း၊ ဘာကို အန်သနည်း ဖြေကြားပါဦး"

"ခမည်းတော်၊ မက်မောဖွယ်ရာ အဖုံဖုံ ကာမဂုဏ်တို့သည် ငါးမျှားချိတ်ဟု ဆိုပါ၏။ ပဥ္စည်းဥစ္စာ ရတနာ ဆင်, မြင်း စသည်တို့မှာ သွေးနှင့်တကွဟု ဆိုလိုပါ၏။ ထွေးအန်ခြင်းမှာ အကျွန်ုပ် စွန့်ပစ်ခဲ့ခြင်းကို အန်ခြင်းဟု ဆိုပါ၏"

သားတော်၏ စကားကိုကြားလျှင် မင်းကြီးသည် များစွာ ဝမ်းမြောက် သံဝေဂရ၍ ...

"ချစ်သား၊ ငါသည် မိုက်လှသောကြောင့် မိန်းမယုတ် စကားကို ယုံစားကာ အကျင့်သီလနှင့် ပြည့်စုံသော ချစ်သားကို



ပြစ်မှားမိပါသည်။ အပြစ်ကို သည်းခံတော်မူပါ" ဟု သားတော် ရသေ့ကို တောင်းပန် ကန်တော့၏။

"ခမည်းတော်မင်းကြီး သည်းခံပါ၏။ ယနေ့မှစ၍ မစုံစမ်း မဆင်ခြင်ဘဲ မပြုပါလင့်" ဟု ဆုံးမ၏။

ထိုအခါ မင်းကြီးက ...

"သားတော် ထီးဖြူအုပ်ချုပ် မင်းလုပ်ပါမှ သည်းခံသည် မည်ပါမည်"

ခမည်းတော်မင်းကြီး၊ မင်းအဖြစ်ကို အလိုမရှိပါ၊ ခမည်း တော်ပင်လျှင် အဂတိလေးပါး မလိုက်စားဘဲ မင်းကျင့်တရား ဆယ်ပါးနှင့်အညီ မင်းပြုပါ" ဟု ပြန်ကြား၏။

သားတော်ကို မင်းပြုရန် တောင်းပန်၍ မရသဖြင့် မင်းကြီး သည် မျက်ရည်သုတ်ကာ တိုင်းပြည်သို့ ပြန်ခဲ့၏။ လမ်းခရီးဟွင် အမတ်တို့အား ...

"အမတ်ကြီးတို့၊ ဘယ်သူ့ကြောင့် အကျင့်သီလနှင့် ပြည့်စုံ သော သားတော်နှင့် ကွေကွင်းရသနည်း" ဟု မေး၏။

"အရှင်မင်းကြီး မိဖုရားယုတ်ကြောင့် ကွေကွင်းရပါသည်"

"မှန်လှပေသည်၊ မင်းချင်းတို့ အလျင်သွား၍ မိန်းမယုတ်ကို ဖမ်းယူပြီး ခြေနှစ်ချောင်းကိုင်ကာ ဘောင်ကမ်းပါးပြတ်မှ ပစ်ကျ ကြလော့" ဟု အမိန့်ချမှတ်ပြီး နန်းတော်သို့ ကြွမြန်းလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းချင်းတို့လည်း မြို့တော်သို့ အလျင်သွားကာ မိဖုရားယုတ်ကို ဖမ်းဆီး၍ ခြေနှစ်ချောင်းကိုင်ကာ ချောက်ကမ်းပါးပြတ်မှ ပစ်ချ၏။

ဇာတ်ပေါင်းချုပ်

| | | |
|---|---|---|
| ထိုမိဖုရားသည် | – | စိဉ္စမာဏဝိကာ၊ |
| ခမည်းတော်မင်းကြီး | – | ဒေဝဒတ်၊ |
| နဂါးမင်း | – | အာနန္ဒာ၊ |
| တောင်စောင့်နတ် | – | သာရိပုတ္တရာ၊ |
| မဟာပဒုမမင်းသားသည် | – | ငါဘုရားဖြစ်လာ၏ |

ဟု ဇာတ်တော်ကို ပေါင်း၏။

❋ ❋ ❋ ❋ ❋



## (၉) သစ္စာရှိလှသောမိန်းမဝတ္ထု (

(ဇာ ၄၈၅၊ စန္ဒကိန္နရီဇာတ်)



### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးစဉ်....

ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့ အဂ္ဂသာဝကနှစ်ပါးနှင့်အတူ ကြွတော်မူ၏။ ဆွမ်းဘုဉ်းပေးပြီးနောက် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား သပိတ်တော်ကို ယူစေပြီး အဂ္ဂသာဝကနှစ်ပါးနှင့်အတူ ရာဟုလာမယ်တော်၏ အဆောင်တော်တိုက်ခန်းသို့ ကြွတော်မူ၏။

ထိုအခါ ရာဟုလာမယ်တော်သည် ကချေသည် လေးသောင်းတို့နှင့်တစ်ထောင့်ကိုးကျိပ်သော မင်းဆမီးတို့ခြံရံကာနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင် နန်းတော်သို့ ကြွလာတော်မူသည်ကို သိစကပင် ရာဟုလာမယ်တော်သည် သူ၏ အခြံအရံနှင့်တကွ မင်းသမီး အပေါင်းတို့ကို ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ဆင်စေ၏။

ခမည်းတော်မင်းကြီးသည် မြတ်စွာဘုရားအား ....

"အရှင်ဘုရား တပည့်တော်၏ ချွေးမတော်သည် အရှင်ဘုရားတို့ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်သည်ဟု ကြားလျှင် ဖန်ရည်စွန်းသော အဝတ်ကိုပင် ဝတ်၏။ ပန်းနံ့သာ စသည်ကို ပယ်ပါ၏။ မြေ၌အိပ်သည်ဟု ကြားလျှင် မြေ၌အိပ်၏။ အရှင်ဘုရား ရဟန်းပြုသောကာလ၌ မင်းတစ်ပါးတို့ စေလွှတ်အပ်သော လက်ဆောင်ပဏ္ဏာများကို မယူ၊ မတွန့်သောစိတ် ရှိ၏" ဟု ရာဟုလာမယ်တော်၏ ဂုဏ်ကျေးဇူးတို့ကို ပြောဆို လျှောက်ထား၏။

ထိုအခါ ဘုရားရှင်က ခမည်းတော်မင်းကြီးအား ...

"ခမည်းတော်မင်းကြီး၊ ယခုအခါ၌သာ ရာဟုလာမယ်တော်သည် ငါ၏ အဆုံးစွန်သော ဘဝ၌ ချစ်ခြင်း၊ တွန့်တိုသောစိတ် မရှိခြင်း။ သူတစ်ပါးတို့ ဆောင်ယူခြင်း၌ မတက်နိုင်ဘဲ သစ္စာတည်ခြင်းတို့ကား အံ့ဖွယ်ရာ မရှိသေး။ ရှေးအခါ ကိန္နရာ မျိုး၌ပင် ငါ့အပေါ် ချစ်ခြင်း၊ တွန့်တိုသောစိတ် မရှိခြင်း၊ သူတစ်ပါး တို့ ဆောင်ယူခြင်း၊ မတတ်နိုင်ခြင်းတို့သည် ဖြစ်ခဲ့ဖူးပြီ" ဟု စန္ဒကိန္နရီ အတိတ်ဇာတ်ကို ဟောကြားတော်မူသည်။



<u>အတိတ်ဇာတ်</u>

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ်...

ဘုရားလောင်းသည် ကိန္နရာမျိုး၌ဖြစ်၍ ဟိမဝန္တာမှ စန္ဒကိန္နရီ ဟု အမည်တွင်ကြသည်။

ထိုအခါ ဗာရာဏသီမင်းကြီးသည် တိုင်းပြည်ကို အမတ်တို့အား အပ်နှင်းခဲ့ပြီး ဖန်ရည်စွန်းသော အဝတ်ကိုဝတ်၍ လက်နက် ငါးပါး ကိုင်ဆောင်လျက် တစ်ဦးတည်းသာ ဟိမဝန္တာသို့ ဝင်၏။ ထိုမင်းသည် အမဲသား ငါးကို ရှာဖွေ စားသောက်လျက် ဟိမဝန္တာရှိ မြစ်ချောင်းအသွယ်သွယ်တို့မှာ လှည့်လာတုံ့ခေါက် သွားရောက် နေထိုင်လျက်ရှိ၏။

ကိန္နရာ ဇနီးမောင်နှံတို့သည် မိုးကာလ၌ တောင်အောက်ကို မဆင်းကြဘဲ တောင်ပေါ်မှာသာ နေထိုင်ကြပြီး နွေကာလတို့၌သာ တောင်အောက်သို့ ဆင်းသက်ကြ၏။

### ပျော်မြူးရွှင်ပြ သီဆိုက

ကိန္နရာအဖိုသည် ကိန္နရာမနှင့်အတူ ပန်းနံ့သာတို့ကို လိမ်းကျံ ပန်ဆင်ပြီး မြစ်ကွေ့ တစ်ခုအနီး တောတန်းတွင် ပန်းဝတ်မှုန် တို့ကို စားသုံးလျက် နေကြ၏။

နွယ်တို့ကို နွယ်ပုခက်ဆင်၍ ကိန္နရာဖိုက သီချင်းဆို၍ လွဲလျှင် ကိန္နရာမက နွယ်ပုခက်ပေါ်မှာ စီးသည်။

ကိန္နရာမက သီချင်းဆို၍ လွဲလျှင် ကိန္နရာဖိုက နွယ်ပုခက် ပေါ်မှာစီး၍ ပျော်ရွှင်မြူးတူးကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် နွယ်ပုခက်ပေါ်မှ ဆင်းကြ၏။

စန္ဒကိန္နရာသည် ပန်းမွေ့ရာပေါ်၌ ထိုင်ချလိုက်၏။

စန္ဒကိန္နရီက အကဖြင့် ပျော်ပြေနေ၏။

## ချစ်သူမောင်နှံ မုန်တိုင်းထန်

ဗာရာဏသီမင်းသည် ထိုနေရာသို့ အမှတ်မထင် ရောက်သွား၏။

ကိန္နရာဖိုမတို့၏ အသံကိုကြားလျှင် ခြေသံကို မကြားစေဘဲ သွားပြီး ချုံကွယ်တစ်ခုမှ ချောင်းကြည့်၏။ စန္ဒကိန္နရီ၏ အလှကို မြင်လျှင် စွဲလန်းသွား၏။

ကိန္နရာဖိုကို လေးနှင့်ခွင်း၍ ကိန္နရာမလေးကို တိုင်းပြည်သို့ ခေါ်ဆောင်သွားပြီး မိဖုရားအရာ၌ထားမည်ဟု စဉ်းစား၏။

လေးကို တင်လိုက်၏။

ဆိပ်လူး၍မြားဦးကို ကိန္နရာဖိုဆီသို့ ဦးတည်လိုက်၏။ မြားကို လွှတ်လိုက်၏။

စန္ဒကိန္နရာလေးမှာ လဲကျလာ၏။

ကပြသော စန္ဒကိန္နရီလေးမှာ မသိရှိသေး။

ကိန္နရာသည် ဖျော့တော့သော အသံဖြင့် ...

"အို ... စန္ဒာ သွေးချင်းချင်း လိမ်းကျံသဖြင့် သွေးလွန်ကာ ငါသေရလိမ့်မည်ထင်သည်၊ ငါ့ခီဝိနိတို့ ချုပ်ငြိမ်းလိမ့်ယောင်တကား။

"အို ... စန္ဒာ၊ ငါအသက်ရှူ ကျပ်လာပါပြီ၊ ငါ့နှလုံးမှာ ပူလောင်လှပါပြီ၊ ပန်းလှပါပြီ၊ ဆင်းရဲလှပါပြီ၊



ဤဆင်းရဲခြင်းကား ငါနှင့် ကွေကွင်းရခြင်းကြောင့် စိုးရိမ်ပူဆွေး ငိုကြွေးရှာရတော့မည်။

ရှင်မစန္ဒာကြောင့်ပါ၊

အခြားကြောင့် မဟုတ်ပါ။

အို ... စန္ဒာ၊ တောင်ခြေရင်းက ရေအိုင်ထဲသို့ အမြဲမပြတ် ရှာနေသည့်မိုးလို ငါမျက်ရည်တို့ စီးကျနေပါပြီ။

ဤဆင်းရဲခြင်းကား ငါနှင့် ကွေကွင်းရခြင်းကြောင့် စိုးရိမ်ပူဆွေး ငိုကြွေး နေရရှာတော့မည့် ရှင်မစန္ဒာကြောင့်ပါ။

အခြားကြောင့် မဟုတ်ပါ။

စန္ဒကိန္နရာက ဤသို့ပင် ဖျော့တော့သော အသံဖြင့် ငိုကြွေးမြည်တမ်းရင်း သတိလစ်ပြီး ပန်းမွေ့ရာပေါ်တွင် လဲကျသွားတော့၏။

စန္ဒကိန္နရီသည် ချစ်လင်လူးလိမ့်၍ သတိလစ်သွားသည်ကို မြင်၏။

မြားမှန်သည်ကိုမသိ။

အနီးသို့ပြေးသွားရာ မြားစူးသောနေရာမှ သွေးတို့ကိုမြင်မှ အတင်းပွေ့ဖက်ကာ ရှိုက်ကြီးတငင် အော်ဟစ်ငိုကြွေးလေ၏။

မင်းကြီးသည် ကိန္နရာဖိုသေသည် ဖြစ်လိမ့်မည်ဟု ချုံမှ ထွက်လာ၏။

စန္ဒကိန္နရီမြင်လေလျှင် ဤသူယုတ်မာသည် ငါ့ချစ်လင်ကို စ်သတ်သူဖြစ်လေလိမ့်မည်ဟု ကြောက်လန့်တကြား။ တောင်ထိပ် ပေါ်သို့ ပြေးတက်သွားပြီး တောင်ထိပ်ပေါ်မှ နေ၍ .....

www.burmeseclassic.com

www.burmeseclassic.com

"ဟယ် … မင်းသား၊ ငါ မုဆိုးမ ဖြစ်အောင် ငါ၏ ချစ်လင်ကို ပစ်သတ်သည်"

"ငါ့ချစ်လင်သည် မြားဒဏ်ဖြင့် မြေပေါ်မှာ လဲကျနေပြီ"

"သင်သည် အလွန်ယုတ်မာပါတကား …"

"ဟယ် … မင်းသား၊ ကိန္နရာဖို၏ အဖြစ်ဆိုးကို မြင်ရ၍ ငါ့မှာ နှလုံးကွဲကြေမလောက် သောက ရောက်ရ၏"

"ငါ့သောကမျိုးကို သင့်အမေသည် ခံစားရပါစေ"

"ဟယ် … မင်းသား၊ သင်သည် ငါ့ကိုလိုချင်၍ အပြစ်မရှိသော ကိန္နရာဖိုကို ပစ်သတ်လိုက်သည်"

"သင့်အမေသည် သားရောလင်ပါ မတွေ့ မမြင်ရပါစေ"

"ဟယ် … မင်းသား၊ သင်သည် ငါ့ကိုလိုချင်၍ အပြစ်မရှိသော ကိန္နရာဖိုကို ပစ်သတ်လိုက်သည်"

"သင်၏ မယားသည် သားနှင့် လင်ကို မတွေ့မမြင်ရပါစေ"

ဟု အဖန်ဖန် ကျိန်ဆဲလေ၏။

## လိုရာမရ လွှင့်ဒေါသ

ဗြဟ္မဒတ်မင်းသည် ကျိန်ဆဲနေသော ကိန္နရီမကို စိတ်မဆိုးနိုင် အချစ်မြားဖြင့် ပစ်လို၍ …

"အို … စန္ဒာ၊ သင့်မှာ တောမှာ ပွင့်သည့် ကြည်းပန်း အောင်မဲညိုပန်းနှင့် တူသည့် မျက်စိရှိပါသည်။ စိုးရိမ်ပူဆွေး



ငိုကြွေးမနေပါနှင့်၊ သင်သည် နန်းတွင်းသူတို့ အကိုးကွယ်ခံရသော ငါ၏ မိဖုရားဖြစ်စေမည်" ဟု နှစ်သိမ့်စကား မြူဆွယ်၏။

ကိန္နရီမသည် လွန်စွာဒေါသထွက်လျက် …

"ဟယ် … မင်းယုတ်၊ ငါ့ကိုလိုချင်၍ အပြစ်မရှိသော ငါ့လင်ကို သတ်လိုက်၏"

"စင်စစ် ငါလဲသေတော့မည်"

"ငါသည် သင်၏မယားဖြစ်မည် မဟုတ်ပါ"

ဟု တင်းမာစွာ ပြောလေ၏။ ထိုအခါ မင်းကြီးက ကိန္နရာမကို ချော့၍ရမည်မဟုတ်ဟု စိတ်ကုန်ပြီး …

"ဟယ် … တိရစ္ဆာန်မ၊ နင့်ကား အလွန်ကြောက်တတ်၏။ ပန်းညိုရွက်၊ တောင်ဖလပ်ရွက်တို့ကိုသာ စားရန် ဟိမဝန္တာသို့ သွားပေတော့"

"နင့်ကို အခြားသော တောကောင်တို့ယူကြလိမ့်မည်"ဟု ပြောဆိုပြီး ကျောခိုင်းထွက်သွားလေ၏။

## ပွေ့ဖက်ငိုကြွေး အလွမ်းတေး

ရန်သူ ဗြဟ္မဒတ်မင်း ထွက်သွား၍ အဝေးသို့ ရောက်လျှင် စန္ဒကိန္နရီသည် တောင်ထိပ်မှဆင်းသက်ကာ ချစ်လင်ထံသွားပြီး ပွေ့ပိုက်၍ တောင်ထိပ်ပေါ်သို့တင်ကာ ဦးခေါင်းကို ပေါင်ပေါ်၌ထားပြီး တစိမ့်စိမ့်ကြည့်ရင်း မျက်ရည်စိုရွှဲ ငိုပွဲဆင်ကာ ၁၂ ဂါထာတို့ဖြင့် ငိုကြွေးရာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



(၁)

"အို … ချစ်လင် စန္ဒကိန္နရာ၊ တောကောင် ချောက်ကမ်းပါး လိုဏ်ဂူများသည် သူ့နေရာမှာသူ ရှိနေကြပါသည်၊ ထိုနေရာတို့မှာ ချစ်လင်ကို မမြင်မတွေ့ရသော ငါ့အဖို့ ထို တောတောင် ချောက်ကမ်းပါး လိုဏ်ဂူများကို ဘာလုပ်ရမည်နည်း။"

(၂)

"အို … ချစ်လင် စန္ဒကိန္နရာ၊ သားရဲတို့ မပြတ်ပျော်မွေ့လေ့ကျက်ရာ သစ်ရွက်အခင်းတို့မှာ မွေ့လျော်ဖွယ်ရာ ရှိကြပါသည်။ ထို သစ်ရွက်အခင်းများပေါ်မှာ ချစ်လင်ကို မမြင်မတွေ့ရသော ငါ့အဖို့ ထိုသစ်ရွက် အခင်းတို့ကို ဘာလုပ်ရမည်နည်း။"

(၃)

"အို … ချစ်လင် စန္ဒကိန္နရာ၊ သားရဲတို့ မပြတ်ပျော်မွေ့လေ့ကျက်ရာ ပန်းအခင်းတို့မှာ မွေ့လျော်ဖွယ်ရာ ရှိကြပါသည်။ ထိုပန်းအခင်းပေါ်မှာ ချစ်လင်ကို မမြင်မတွေ့ရသော ငါ့အဖို့ ပန်းအခင်းတို့ကို ဘာလုပ်ရမည်နည်း။"

(၄)

"အို … ချစ်လင် စန္ဒကိန္နရာ၊ ကြည်လင်ပြီး ပန်းတို့နှင့် မျောပါ စီးဆင်းနေသော မြစ်တို့ရှိကြပါသော်လည်း၊ ထိုကြည်လင်ပြီး ပန်းတို့နှင့် စီးဆင်းမျောပါနေသော မြစ်တို့၌ ချစ်လင်ကို မမြင်ရသော ငါ့အဖို့ ထိုမြစ်တို့ကို ဘာလုပ်ရမည်နည်း။"



(၅)

"အို … ချစ်လင် စန္ဒကိန္နရာ၊ ရှုချင်စဖွယ် ပတ္တမြားညိုဖြင့် ပြီးသော ဟိမဝန္တာတောင်ထွတ်တို့ ရှိကြပါ၏။ ထိုပတ္တမြား ညိုရောင် တောင်ထွတ်တို့၌ ချစ်လင်ကိုမမြင်ရသော ငါ့အဖို့ ဘာလုပ်ရမည်နည်း"

(၆)

"အို … ချစ်လင် စန္ဒကိန္နရာ၊ ရှုချင်စဖွယ် ရွှေသားပ… ဟိမဝန္တာတောင်ထွက်တို့ ရှိပါ၏။ ထိုရွှေတောင်ထွတ်တို့၌ ချစ်လ… ကိုမမြင်တော့ ငါ့အဖို့ ဘာလုပ်ရမည်နည်း"

(၇)

"အို … ချစ်လင် စန္ဒကိန္နရာ၊ ရှုချင်စဖွယ် မြင်းသိလ… ကျောက်မျက်ရတနာတို့ဖြင့် ပြီးသော ဟိမဝန္တာတောင်ထွတ်… ရှိကြပါ၏။ ထိုမြင်းသီလာ တောင်ထွတ်တို့၌ ချစ်လင်ကို မမြင်ရသော ငါ့အဖို့ ဘာလုပ်ရမည်နည်း"

(၈)

"အို … ချစ်လင် စန္ဒကိန္နရာ၊ ရှုချင်စဖွယ် မြင့်မော… သော ဟိမဝန္တာ၏ တောင်ထွက်ဖျားများရှိကြပါ၏။ ထိုလှပ… တောင်ထွတ်တို့၌ ချစ်လင်ကို မမြင်ရသော ငါ့အဖို့ ဘာလုပ်… မည်နည်း။"

www.burmeseclassic.com

www.burmeseclassic.com


(၉)

"အို ... ချစ်လင် စန္ဒကိန္နရာ၊ ရွှချင်စဖွယ် ငွေအတိ ဖြစ်သော ဟိမဝန္တာတောင်ထွတ်တို့ ရှိကြပါ၏။ ထိုတောင်ထွတ်တို့၌ ချစ်လင်ကို မမြင်ရသော ငါ့အဖို့ ဘာလုပ်ရမည်နည်း။"

(၁၀)

"အို ... ချစ်လင် စန္ဒကိန္နရာ၊ ရွှချင်စဖွယ် ရတနာခုနစ်ပါး အတိဖြစ်သော ဟိမဝန္တာတောင်ထွတ်တို့ရှိကြပါ၏။ ထိုတောင်ထွတ်၌ ချစ်လင်ကိုမမြင်ရသော ငါ့အဖို့ ဘာလုပ်ရမည်နည်း။"

(၁၁)

"အို ... ချစ်လင် စန္ဒကိန္နရာ၊ ဘုမ္မစိုးသော နတ်အပေါင်းတို့သည် ဆေးပင်တို့နှင့် ပြည့်နှက်နေသော ထိုဂန္ဓမာဒ်နတောင်၌ ချစ်လင်ကို မမြင်ရသော ငါ့အဖို့ ဘာလုပ်ရမည်နည်း။"

(၁၂)

"အို ... ချစ်လင်စန္ဒကိန္နရာ၊ ကိန္နရာတို့ သုံးဆောင်ရာ ဆေးပင်တို့ဖြင့် ပြည့်နှက်နေသော ဂန္ဓမာဒနတောင်၌ ချစ်လင်ကို မမြင်ရသော ငါ့အဖို့ ဘာလုပ်ရမည်နည်း။"

ဟု ဖွဲ့နွဲ့ကာပင် လင်စန္ဒကိန္နရာကို ရင်ခွင်ပိုက်ကာ တမ်းတ ငိုကြွေး နေရှာလေသည်။

## လောကပါလနတ်များသို့

စန္ဒကိန္နရီသည် ငိုကြွေး၍ အားရသောအခါ စိတ်ကိုပြန်၍ ထိန်းပြီး ကိန္နရာဖို၏ရင်ကို လက်ဖြင့် တင်ထားရာ၊ ပူနွေး၍နေသေး သည်ကို သိလျှင် ...

"ငါ့ချစ်လင် မသေသေး၊ အသက်ရှိပါသေးသည်"ဟု ဝမ်းသာရာက လောကပါလနတ်များအား ...

"အို ... လောကကို စောင့်ရှောက်ကြသော လောကပါလ နတ်အပေါင်းတို့၊ ဤလောကမှာ လောကပါလနတ်များ မရှိကြတော့ ဘူးလား။ ဒါမှမဟုတ် မေ့လျော့၍နေကြသလား၊ ဒါမှမဟုတ် သေကုန်ကြလို့ ငါ့ချစ်လင်ကို မစောင့်ဘဲ နေကြသလား"

ဟု သမ္မာဒေဝ နတ်ကောင်း နတ်မြတ်တို့ကို တိုင်ကြား ကြွေးကြော် လေသည်။

## သိကြားမင်းလည်း မနေနိုင်

စန္ဒကိန္နရီ၏ သောကအပူမီးသည် သိကြားမင်း၏ တည်ရာ ကျောက်ဖျာမှာပူ၍ လူ့ပြည်ကို ကြည့်လေသော် အကြောင်းချင်းရာ အစုံကို သိရလေသဖြင့် ပုဏ္ဏားအယောင်ဆောင်ကာ ကရားမှရေဖြင့် စန္ဒကိန္နရာဖိုကို သွန်းလောင်းလေ၏။

ထိုခဏ၌ပင် မြားဆိပ်ပြေ၍ သတိပြန်လည်ရလာပြီး အနာမှ လည်း အသားနုတက်၍လာ၏။ မြားစူးသည့် ဒဏ်ရာပင် မထင်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ကိန္နရာဖိုသည် လဲနေရာမှ လျင်စွာထ၍၊ စန္ဒကိန္နရီလည်း ချစ်လင်ကို ကျန်းမာချမ်းသာစွာ မြင်ရလျှင် သိကြားမင်းကို ဝမ်းမြောက်ဝမ်းသာ ရှိခိုးလျက် ...

"အရှင်ပုဏ္ဏား၊ ကယ်သူ ကင်းဝေးနေသော ဒုက္ခရောက်နေရသည့် အကျွန်ုပ်၏ ချစ်လင်ကို အမြိုက်ရေဖြင့် သွန်းလောင်းပေးသဖြင့် အကျွန်ုပ်၏ ချစ်လင်နှင့် မကွဲမကွာ နေရပါ၏။"

ဟုကျေးဇူးတင်စကား ပြောကြားချီးကျူးလေသည်။

သိကြားမင်းသည် ကိန္နရီမောင်နှံအား "ဤနေ့မှစ၍ စန္ဒရွှေတောင်၌သာ နေကြကုန်၊ ဤရွှေတောင်မှ လူ့ပြည်လူ့ရွာသို့ မသွားကြလေလင့်" ဟု ပြောကြားပြီး တာဝတိံသာသို့ ပြန်သွားလေ၏။

ကိန္နရီမောင်နှံတို့သည် အသက်ထက်ဆုံး ရွှေတောင်၌သာ ပျော်ရွှင်စွာ နေကြလေကုန်သတည်း။

## ဤသို့လျှင်

မြတ်စွာဘုရားသည် ရာဟုလာ မယ်တော်၏ သစ္စာကြီးလှသော အကြောင်းကို အကြောင်းပြု၍ စန္ဒကိန္နရီဘဝတွင်လည်း သစ္စာကြီးမားလှသော စန္ဒကိန္နရီ ဇာတ်တော်ကို ဟောကြားတော်မူလေသည်။

## ဇာတ်ပေါင်းသော်

ဗာရာဏသီမင်းသည် ဒေဝဒတ်၊ သိကြားမင်းသည် အနုရုဒ္ဓါ၊ စန္ဒကိန္နရီသည် ရာဟုလာမယ်တော်၊ စန္ဒကိန္နရာသည် ငါဘုရားဟု ဇာတ်တော်ကို ပေါင်း၏။

❋ ❋ ❋ ❋ ❋



## (၁၀) ခြောက်သွယ်လေးနှင့် ရွှောက်မွှေးပျော်သူဝတ္ထု

(ဇာ ၁၂၀၊ ဗန္ဓန မောက္ခဇာတ်)

## ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ... စိဉ္စမာနဝိကာကို အကြောင်းပြု၍ ဟောတော်မူ၏။

စိဉ္စမာနဝိကာသည် မြတ်စွာဘုရားအား မဟုတ်မမှန် စွပ်စွဲခြင်းသို့ အကြောင်းပြု၍ ဟောတော်မူ၏၊ စိဉ္စမာနဝိကာ စွပ်စွဲခြင်း အကြောင်းကား မဟာပဒုမဇာတ်၌ အကျယ်ဖော်ပြခဲ့ပါပြီ။

## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ် ...

ဘုရားလောင်းသည် ထိုမင်း၏ ပုရောဟိတ် ဖြစ်သည်။

မင်းကြီးသည် မိဖုရားအား ဘိသိက်ခံမြှောက်သောနေ့၌ လိုသောဆုကို တောင်းလော့ဟုဆို၏။ မိဖုရားက 'မင်းကြီးသည် ကျွန်ုပ်မှတစ်ပါး အခြားမိန်းမများကို ကိလေသာစိတ်ဖြင့် မဆက်ဆံပါ' ဟူသော ကတိကိုဆုအဖြစ်ပေးပါဟု တောင်း၏။ မင်းကြီးက "ဤဆုမှတစ်ပါး အခြားဆုကိုတောင်းလော့" ဟု ဆို၏။ မိဖုရားကြီးသည် ဇွဲဇွဲမြဲမြဲ ဤဆုကိုသာ တောင်းသဖြင့် မင်းကြီးက လိုက်လျောရ၏၊ တစ်သောင်းခြောက်ထောင်သော မောင်းမတို့ကို စွန့်လွှတ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

## တစ်ယူဇနာတစ်ယောက် အယောက်တော်စေလွှတ်

တစ်နေ့တွင် နယ်စွန်နယ်ဖျားသို့ ထကြွ၍ မင်းကြီးသည် စစ်ထွက်ရမည်ဖြစ်၏။ မိဖုရားကြီးက မင်းကြီးနှင့် တစ်ညဥ့်တာမျှပင် မခွဲခွာနိုင်ပါ၍ အတူ လိုက်ပါရစေ ပြော၏။ မင်းကြီးက "စစ်မြေပြင်အရပ်မှာ မိန်းမတို့နှင့် မသင့်လျော်၍ နေခဲ့ပါ" ဟု မင်းကြီးက ပြော၏။ မိဖုရားကြီးက ထပ်တလဲလဲပင် လိုက်မည်ဟု ဆိုနေ၏။ မင်းကြီးက စစ်မြေပြင်နှင့် မိန်းမတို့မှာ မသင့်လျော်ကြောင်း ချော့၏။ မိဖုရားကြီးက ဤသို့ဆိုလျှင် တစ်ယူဇနာ၊ တစ်ယူဇနာရောက်တိုင်း မိမိထံ လူတစ်ယောက် တစ်ယောက် စေလွှတ်၍ သတင်းပို့ပါဟု ဆို၏။ မင်းကြီးက ကောင်းပါပြီဟု ဝန်ခံခဲ့ပြီး ဘုရားလောင်း ပုရောဟိတ်အား မြို့ကို စောင့်ရှောက်ရန် အပ်ထားခဲ့ပြီး စစ်ထွက်သွား၏။

မင်းကြီးသည် တစ်ယူဇနာရောက်တိုင်း အမတ်တစ်ယောက်ကျ စေလွှတ်၏။ ထိုအခါ မိဖုရားကြီးသည် "သင့်ကို မင်းကြီးက ဘယ်အတွက် စေလွှတ်သနည်း" ဟု မေး၏။ ထိုအမတ်တို့က "အရှင်မိဖုရားကြီး စိတ်ချမ်းသာမှု ရှိ,မရှိ သတင်းစကား သိလို၍ လာပါသည်" ဟု လျှောက်၏။ မိဖုရားက "ဤသို့ဆိုလျှင် ငါ၏ စိတ်ချမ်းသာမှုအတွက် လာခဲ့" ဟု မိဖုရားက တိုက်ခန်းတွင်းသို့ ခေါ်သွားကာ ရောက်လာသူနှင့် ဖောက်ပြား၏။

မင်းကြီးသည် သုံးဆယ့်နှစ်ယူဇနာ ခရီးအထိ သုံးကျိပ်နှစ်ယောက်သောသူတို့ကို စေလွှတ်၏။ မိဖုရားသည် သုံးကျိပ်နှစ်ယောက်သော သူအားလုံးနှင့် ဤသို့ပင် မလျော်သော အမှုကို ပြု၏။ အပြန်ခရီးတွင်လည်း တစ်ယူဇနာ တစ်ယောက်ကျ



သုံးဆယ့် နှစ်ယောက် စေလွှတ်၏။ မိဖုရားသည် ထိုအတိုင်း ကျင့်ကြံ၏။

ဘုရားလောင်းသည် မင်းကြီး ပြန်ရောက်မည်ဖြစ်၍ မြို့ကို သုတ်သင်ရှင်းလင်း၍ နေ၏။ မိဖုရားသည် ဘုရားလောင်း ပုရောဟိတ်၏ တင့်တယ်သော အဆင်းကို မြင်လျှင် အလွန် တပ်မက်သည်ဖြစ်၍ မိမိနှင့် ပျော်ပါးရန် ဖိတ်ခေါ်၏။

ဘုရားလောင်းက ရှင်မိဖုရား အကျွန်ုပ်မင်းကို ရိုသေလေးမြတ်သည်။ အကုသိုလ်ကိုလည်း ကြောက်၏ဟူ၍ ငြင်းဆိုရာ မိဖုရားက စိတ်ဆိုးသွား၏။ မင်းကြီး မြို့သို့ဝင်၏။ မိဖုရားသည် မိမိကိုယ်ကို လက်သည်းများဖြင့် ကုတ်ခြစ်၍ ဒဏ်ရာရအောင် ပြုပြီး မင်းကြီးကို မကြိုဆိုဘဲ အိပ်ရာထဲ၌ နေ၏။

မင်းကြီးသည် မိဖုရား နေမကောင်းဟု ထင်ကာ အခန်းတွင်း ဝင်၍ ကြည့်၏။ မိဖုရားက ငိုယို၍ မင်းကြီး၏ ပုရောဟိတ်သည် အတင်း ဗလက္ကာရပြု၍ ကျင့်ကြံစော်ကားပါသည်ဟု ဒဏ်ရာများကို ပြ၏။

မင်းကြီးသည် အလွန် ဒေါသထွက်၍ ပုရောဟိတ်ကို ဖမ်းဆီးပြီး သတ်ရန် အမိန့်ထုတ်၏။ မင်းချင်းတို့သည် ပုရောဟိတ်ကို သွား၍ ဖမ်းဆီးပြီး လူသတ်ကုန်းသို့ ခေါ်သွား၏။

ပုရောဟိတ်သည် မင်းချင်းတို့အား "ငါ့ကို မင်းကြီးရှေ့မှောက်သို့ ပို့ပါ၊ အရေးကြီးသော ကိစ္စရှိသည်" ဟု ပြော၏။

မင်းကြီးရှေ့သို့ ရောက်လျှင် မင်းကြီးက "ပုဏ္ဏား သင်သည် အဘယ့်ကြောင့် ငါ့ကို မရှက်သနည်း၊ အဘယ့်ကြောင့် ယုတ်မာသော အကျင့်ကို ကျင့်သနည်း" ဟု မေး၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်းက "မင်းကြီး... ကျွန်ုပ်သည် ယနေ့ထိ ကံငါးပါးတွင် တစ်ပါးမျှ မကျိုးပေါက်ခဲ့၊ 'မိဖုရား၏အကျင့်ကို သိလိုလျှင် ခြောက်ကျိုပ်လေးယောက်သောသူတို့ကို ခေါ်ယူစစ်မေးပါ' ဟု လျှောက်၏။ မင်းကြီးသည် ခြောက်ကျိပ်လေးယောက်သော အမတ်တို့ကို ရှေ့တော်သွင်းစေ၍ စစ်မေး၏။

ထိုသူတို့က မိဖုရားကိုကြောက်ရ၍ လွန်ကျူးမိကြောင်း ဝန်ခံကြသည်။ မင်းကြီးက ထိုခြောက်ဆယ့်လေးယောက်သော သူတို့ကို ခေါင်းဖြတ်၍သတ်ရန် အမိန့်ပေး၏။ ပုရောဟိတ်က 'မင်းကြီး ထိုသူတို့တွင် အပြစ်မရှိပါ၊ မိဖုရား၏ အလိုဆန္ဒကိုသာ လိုက်ပါသူများသာ ဖြစ်ပါသည်၊ သည်းခံခွင့်လွှတ်သင့်ပါသည်။ မိဖုရားကြီးကိုလည်း အပြစ်မယူသင့်ပါ၊ မိန်းမတို့၏ ဇာတိသဘာဝ ယေဘုယျကြောင့် မရှောင်ရှားနိုင်သည့်အတွက် ခွင့်လွှတ်သည်းခံသင့်ပါသည်' ဟု ဥပမာအမျိုးမျိုး တင်ပြလျှောက်ထားလေရာ မင်းကြီးသည် အားလုံးကို လွှတ်စေပြီး မူလရာထူးအတိုင်းပေး၏။

"မင်းကြီး - လူမိုက်တို့စကားကြောင့် မနှောင့်ဖွဲ့အပ်သော သူတို့မှာ နှောင်ဖွဲ့ခြင်းကို ခံကြရသည်။ ပညာရှိ၏ ပြောစကားဖြင့် နှောင်ဖွဲ့ခံရသူတို့သည်လည်း လွတ်ကြရသည်" ဟူ၍ မင်းကြီးအား တရားဟောကြားပြီး ရဟန်းပြု၍ တောထွက်လေ၏။

ဇာတ်ပေါင်းသော်

ထိုမိဖုရားပျက်သည် ယခု စိဉ္စမာနဝိကာ။ မင်းကြီးသည် - အာနန္ဒာ၊ ပုရောဟိတ်သည် ငါဘုရားဖြစ်သတည်း၏ဟု ဇာတ်တော်ကို ပေါင်း၏။

* * * * *



(၁၁) ကောင်းမှုသည်

သိတ်ကွယ်ရာမရှိကြောင်းဝတ္ထု

( ဇာ ၄၁၆၊ ပဉ္စပဏ္ဏာသ )




မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် .... ဒေဝဒတ်သည် ဘုရားရှင်အား သေကြောင်းကြံခြင်းကို အကြောင်းပြု၍ ဟောတော်မူသည်။

အတိတ်ဇာတ်

ဗာရာဏသီ၌ ဗြဟ္မဒတ်မင်းစိုးစံစဉ် .....

ဘုရားအလောင်းတော်သည် ထိုမင်း၏ သားတော်ဖြစ်ပြီး အရွယ်ရောက်လျှင် တက္ကသိုလ်ဆရာကြီးထံ၌ ပညာသင်ယူ၏။

www.burmeseclassic.com

www.burmeseclassic.com

အထူးသဖြင့် တိရစ္ဆာန် လူခပ်သိမ်းတို့၏ စကားမျိုးစုံကို သိနိုင်သော (အဗ္ဗရုတ ဓာနနမန္တာန်) ဘာသာစုံကို တတ်၏။

တက္ကသိုလ်မှ ပြန်ရောက်လျှင် သားတော်ကို အိမ်ရှေ့မင်းသား အရာ၌ထား၏။ သို့သော် သားတော်ကိုသတ်ရန် ဖခင်က အမြဲကြံစည်နေ၏။

## မြေခွေးမ ဒေါသကြောင့်

ထိုအခါ မြေခွေးမတစ်ကောင်သည် ညဦးအခါ၌ ရေမြွန်မှ မြို့တွင်းသို့ ဝင်၍ ကျက်စား၏။ မြေခွေးငယ်ကလေးများပါလာ၏။

မြေခွေးမသည် အိမ်ရှေ့မင်း၏ အိပ်ခန်းပြသာဒ်အနီးရှိ ဇရပ်၏ အနီးအပါးတွင် အစာရှာရန် ရောက်နေ၏။ သားငယ်မြေခွေးများက ဆာလောင်လှ၍ အော်မြည်၏။ မိခင်မြေခွေးမက 'သားငယ်တို့ မအော်ကြနှင့်၊ ဇရပ်ပေါ်တွင် လူတစ်ယောက်ရှိသည်။ သူအိပ်ပျော်မှ သူ၏ဖိနပ်ကို ယူပေးမည်' ဟု ပြော၏။ အိမ်ရှေ့မင်းက ဇရပ်ပေါ်တွင် လူရှိ၊မရှိ စုံစမ်း၏။ ရှိမှန်းသိလျှင် ဖိနပ်ကို အမိုးဆွဲထားရန် သတိပေးလေ၏။ မြေခွေးမသည် အိမ်ရှေ့မင်းကို အမျက်ထွက်၏။

ဒုတိယညတွင် မြေခွေးမသည် သားငယ်များနှင့်အတူ ဇရပ် အနီးသို့ ရောက်ရှိနေပြန်၏။ မြေခွေးငယ်များက အော်ကြပြန်၏။ 'သားတို့ မအော်ကြနှင့်၊ ရေကန်ထဲတွင် လူသေတစ်ယောက်ရှိ၏။ ထိုလူသေတွင် ပုဆိုးနှစ်ထည်၊ အသပြာတစ်ထောင်၊ လက်စွပ်တစ် ကွင်းပါ၏။ ထိုလူသေကို မကြာမီ စားရမည်' ဟု ပြော၏။



အိမ်ရှေ့မင်းသားသည် ထိုမြေခွေးမစကားကို ကြား၍ မင်းချင်းတစ်ယောက်ကိုခေါ်ပြီး ရေကန်တွင်းမှ လူသေကို ရေထဲမှ ပေါ်မလာအောင် မြှုပ်ထား၏။

ထိုအခါ မြေခွေးမသည် ဒေါသထွက်ကာ ယနေ့နောက် သုံးရက်မြောက်လျှင် တစ်ပါးသောမင်းက သင်တို့ကို စစ်ထိုးလိမ့်မည်။ ထိုအခါ သင်၏ ဦးခေါင်းပြတ်လိမ့်မည်' ဟု ပြောဆိုလိုက်၏။

## ဘာသာစုံတတ်မြောက်မှုအကျိုး

နောက် သုံးရက်မြောက်ညဦးတွင် ပြည်နီးချင်းတစ်ပါးမင်းက စစ်သည်ဗိုလ်ပါ အလုံးအရင်းနှင့် မြေခွေးမ ပြောသည့်အတိုင်း လာရောက် စစ်ပြု၏။

ထိုအခါ ဖခင်မင်းက 'အမောင်သွား၍ စစ်ကို ခုခံတိုက်ခိုက်လေလော့'ဟုဆို၏။ သားတော်အိမ်ရှေ့မင်းက 'ဖခမည်းတော် ကျွန်ုပ်အတိတ်နမိတ် မကောင်း၍မတိုက်လိုပါ'ဟု ပြော၏။ ဖခမည်းတော်က အတန်တန်ခိုင်း၏။ သားတော်က အတန်တန်ငြင်းနေ၏။ နောက်ဆုံး ခိုင်းလွန်းမကခိုင်း၍ စစ်သည်ဗိုလ်ပါ အလုံးအရင်းများကို ယူဆောင်၍ စစ်မလာသော တံခါးမှထွက်၍ မြို့ပြင်တွင် သစ်တပ်တည်၍ နေလေ၏။ မြို့သူမြို့သားတို့လည်း အိမ်ရှေ့မင်း နောက်သို့ပြောင်းရွှေ့လိုက်သွားကြ၏။

နန်းတော်တစ်ခွင်လုံး တိတ်ဆိတ်လျက်ရှိ၏။ မင်းကြီးသည် သားတော်အိမ်ရှေ့မင်း စစ်မပြုဘဲ တိမ်းရှောင်နေမှန်းသိသောအခါ

www.burmeseclassic.com

www.burmeseclassic.com

ပုရောဟိတ်တို့ကို တိုင်ပင်၍ အသက်ဘေးမှ လွတ်မြောက်ရန် ပုရောဟိတ်၊ မိဖုရားကြီးနှင့်လူယုံ ပရန္တပကျွန်ပါ ခေါ်ပြီး ရုပ်ဖျောက် အသွင်ပြောင်းကာ တောအရပ်သို့ ထွက်ပြေးတိမ်းရှောင်ကြ၏။

သားတော် အိမ်ရှေ့မင်းသားသည် ခမည်းတော်ထွက်ပြေးမှန်း သိ၍ ရန်ပြုလာသောစစ်ကို ခုခံ၍ ပြန်လည်တိုက်ထုတ်ရာ အောင်မြင်သဖြင့် မင်းပြုလေ၏။

## ကြောက်စရာ မိန်းမညာ၏

မင်း၊ မိဖုရားနှစ်ပါးနှင့် ပုရောဟိတ်၊ ပရန္တပကျွန် လေးဦးသားသည် တောတွင်း၌ မြစ်တစ်ခုအနီးတွင် သစ်ခက်တဲထိုး၍ နေကြရ၏။ နေ့စဉ်မင်းကြီးနှင့် ပုရောဟိတ်တို့နှစ်ဦးက သစ်သီးရှာထွက်ကြရ၏။ မင်းကြီးကိုစွဲ၍ မိဖုရားကြီးတွင် ကိုယ်ဝန်အရင့်အမာ ဖြစ်လာ၏။

မင်းကြီးနှင့်ပုရောဟိတ်တို့ သစ်သီးရှာသွားခိုက်တွင် မိဖုရားကြီးနှင့် ပရန္တပကျွန် မှောက်မှားကျူးလွန်နေကြ၏။

တစ်နေ့သ၌ မိဖုရားကြီးက 'အမောင်ပရန္တပ၊ တစ်နေ့နေ့ သင်နှင့်ငါ နှစ်ဦးစလုံးအကြောင်း သိသွားလျှင် သေဖို့မြင်နေသည်။ မင်းကြီး ရေချိုးဆင်းခိုက်တွင် သန်လျက်ဖြင့် ခုတ်ပိုင်းသတ်ပါ' ဟု အကြံဉာဏ်ပေးထား၏။

ပုရောဟိတ်သည် ရေချိုးဆိပ်နှင့် မလှမ်းမကမ်း သစ်ပင်တစ်ပင်ပေါ်တက်၍ သစ်သီးခူးနေ၏။



မင်းကြီးသည် ပရန္တပကျွန်ကို လက်စွဲတော် သန်လျက်နှင့် ရေလဲယူခဲ့ရန် မှာကြားပြောဆိုပြီး ရေဆိပ်သို့သွား၏။ ပရန္တပကျွန်လည်း ငါ့အတွက် အကွက်ပေါ်ပြီဟု အောက်မေ့ကာ သန်လျက်နှင့် ရေလဲကိုယူ၍ နောက်ကလိုက်သွား၏။

## သေရှာပါပြီ

မင်းကြီး ရေချိုးခိုက်တွင် ပရန္တပကျွန်သည် သန်လျက်ကို မိုးနေစဉ်၊ မင်းကြီးသည် ကြောက်အားတကြီး အော်ဟစ်၏။

ရေချိုးဆိပ်မှ မင်းကြီးအော်သံကြား၍၊ သစ်သီးတက်ခူးနေသည့် ပုရောဟိတ်က လှမ်းကြည့်လိုက်ရာ၊ ပရန္တပကျွန်က မင်းကြီးအား ခုတ်သတ်နေသည်ကို တွေ့လိုက်ရသဖြင့် သစ်ပင်ပေါ်မှ ဆွဲလက်စ သစ်ကိုင်းကို လွှတ်ပစ်ခဲ့ပြီး အောက်သို့ဆင်းကာ ချုံတစ်ခုတွင် ပုန်းအောင်းနေ၏။

ပရန္တပကျွန်သည် သစ်ရွက်လှုပ်သံကြားရာအရပ်သို့ သွား၍ ကြည့်၏။

တစ်စုံတစ်ရာမမြင်သဖြင့် ပြန်လာပြီး မင်းကြီးအလောင်းကို တွင်းတူးမြှုပ်ကာ မြစ်ဆိပ်၌ ရေချိုးပြီး သန်လျက်ကို ရေဆေးဆောင်ယူကာ ပြန်လာ၏။

ပုရောဟိတ်သည် ပုန်းကွယ်ရာမှထွက်ပြီး မင်းကြီးအလောင်း မြေမြှုပ်ရာကိုကြည့်၍ စိတ်မကောင်း ဖြစ်နေရ၏။ မိမိအတွက် လည်း သေဘေးနီးလှသည့်ဖြစ်ရာ ဇရပ်သို့အပြန်တွင် မျက်မမြင် အကန်းယောင်ဆောင်လျက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ပရန္တပသည် ပုရောဟိတ်ကိုမြင်လျှင် .....

"ပုဏ္ဏားကြီး၊ အဘယ်သို့ဖြစ်လာသနည်းဟု" ဟု မေး၏။ ပရန္တပအသံကို သိသော်လည်း ပုရောဟိတ်သည် ပရိယာယ်ပြုကာ...

"အရှင်မင်းကြီး၊ ကျွန်ုပ်သစ်သီးရှာရင်း တောင်ပို့တစ်ခု၌ နားနေစဉ် မြွေမှုတ်၍ မျက်စိကွယ်ခဲ့ရပြီ" ဟု ပြော၏။ ပရန္တပသည် ငါ့ကို မင်းကြီး ထင်မှတ်နေသည်ဟု ယုံကြည်လျက် .....

"ပုဏ္ဏားကြီး မစိုးရိမ်လင့်၊ ငါတို့သစ်သီးရှာကျွေးမည်" ဟု နှစ်သိမ့်စေပြီး၊ အချိန်နှောင်းလျှင် မိဖုရားကြီးနှင့် တိုင်ပင်၍ 'ပရန္တပ ကျွန် ထွက်ပြေးလေပြီ' ဟု ပုဏ္ဏားကြီးကို လှည့်ပတ်ပြောဆို၏။ ပုရောဟိတ်လည်း သိသော်လည်း ဆေးရန်ကြောင့် ပရန္တပကို မင်းကြီးအဖြစ်ထားကာ မသိဟန် မမြင်ဟန်ဆောင်၍ ရှိသေသမှု ပြု၏။

## မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ

မကြာမီ မိဖုရားကြီး၌ သားယောကျ်ားဖွားမြင်၏။ သားတော်မှာ ကွယ်လွန်သူ မင်းကြီးနှင့်စွဲ၍ရသော သားကော်ဖြစ်၏။ ထိုသားတော် သိ, ကြား လိမ္မာသော အရွယ်တွင် ပရန္တပအား ဖခင်အရင်း ထင်မှတ်ရာ၏။

ပရန္တပကျွန်ကား မိမိမကောင်းမှုအတွက် အမြဲပင်စိုးရိမ် ထိတ်လန့်လျက်နေရ၏။ သစ်ကိုင်းလှုပ်သံသည် တစ်စုံတစ်ခု အန္တရာယ်ဟု စိတ်ကွင်စွဲနေကြောင်း မိဖုရားကြီးအား ဖွင့်ဟပြော ကြား၏။ အိပ်ပျော်ဟန်ဆောင်သော ပုရောဟိတ်သည် ကြား၏။



မင်းသားတစ်ဆယ့်ခြောက်နှစ်အရွယ်ခန့်ရောက်လျှင် ပုရောဟိတ်သည် မင်းသားကို ဆောင်ရှေးအကိုင်ခိုင်းပြီး ရေချိုးဆိပ်သို့ သွားကြ၏။ ရေချိုးဆိပ် ရောက်လျှင် ပုရောဟိတ်သည် မျက်စိကို ဖွင့်ကြည့်၏။ မင်းသားသည် အံ့ဩ၍သွား၏။

"ပုဏ္ဏားကြီး သင်မျက်စိကန်းသည် မဟုတ်လော"

"အရှင်မင်းသား၊ မကန်းပါ၊ အသက်အန္တရာယ်ကြောင့် ကန်းဟန် ဆောင်နေရပါသည်" ဟု ပြောပြီးလျှင် "အရှင်မင်းသား၏ ဖခင်အစစ်သည် ဗာရာဏသီမင်းကြီး ဖြစ်သည်။ ပရန္တပသည် မင်းသားတို့၏ ကျွန်ဖြစ်သည်။ မိခင်မိဖုရားသည် ပရန္တပနှင့် မှောက်မှားပြီး သင့်အဖမင်းကြီးကိုသတ်၍ ဤအရပ်၌ မြေမြှုပ်ခဲ့၏။ အရိုးကိုကြည့်လော့" ဟု တူးဖော် ပြသလေ၏။ မင်းဝတ်တန်ဆာနှင့်တကွ အရိုးတို့ကို တွေ့မြင်ရလျှင် မင်းသားသည် များစွာ စိတ်ထိခိုက်သွားရလေသည်။

## လက်စားချေရေး အကြံပေး

ထို့နောက် မင်းသားကို 'အဘယ်သို့ပြုရမည်နည်း' ဟု မေး၏။ ပုရောဟိတ်က သင့်ဖခင်ကို သတ်သကဲ့သို့ပင် ပရန္တပကို သန်လျက်ဖြင့် သတ်လော့' ဟု နှစ်ရက် သုံးရက်မျှ သန်လျက် ကိုင်နည်း၊ ခုတ်နည်းတို့ကို သင်ပြလေ၏။

နောက်နေ့တွင် မင်းသားက ရေလဲပုဆိုးတွင် သန်လျက်ကို ဝှက်ပြီး ပရန္တပအား ရေချိုးသွားရန် ခေါ်၏။ ရေချိုးဆိပ်ရောက်လျှင် ...

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဟယ် .... ကျွန်ယုတ်၊ ငါ့အဖေကို ဤအရပ်မှာပင် သတ်၏။ သင့်ကိုလည်း ဤအရပ်မှာပင်သတ်အံ့" ဟု သန်လျက်ဖြင့်ခုတ်၏။ ပရန္တပကျွန်လည်း သေဘေးမှ ကြောက်လန့်စွာဖြင့် .....

"သစ်ခက်လှုပ်သောအသံသည် သင့်ထံသို့ ရောက်လာဟန်တူသည်၊ တစ်နေ့တွင် သစ်ခက်လှုပ်သံသည် ငါ့အား အန္တရာယ်ဖြစ်လိမ့်မည်ဟု ထင်မြင်ခဲ့၏" ဟု ပြောနေစဉ်တွင်ပင် မင်းသားသည် ပရန္တပအား ခုတ်သတ်လိုက်လေ၏။ (မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိ။)

## ပြည်တော်ပြန်ခန်း

မင်းသားသည် ရေချိုးသန့်စင်ပြီး အိမ်သို့ပြန်၍ ပုရောဟိတ်အား ပြောကြား၍ မိခင်အားလည်း ကြီးစွာ အပြစ်တင်ပြီး ဤအရပ်၌နေ၍ အကျိုးမရှိဟု ပြောဆိုတိုင်ပင်ကြ၍ မိခင်နှင့် ပုရောဟိတ်တို့ကိုခေါ်၍ ဗာရာဏသီပြည်သို့ ပြန်ကြ၏။ နောင်တော် မင်းကြီးလည်း ညီတော်ကို အိမ်ရှေ့အရာပေး၍ ကုသိုလ်ကောင်းမှုဖြင့်နေပြီး သေလွန်သည့်အခါ နတ်ပြည်သို့ လားရ၏။

## ဇာတ်ပေါင်းသော်

ခမည်းတော်မင်းသည် – ဒေဝဒတ်

ပုရောဟိတ်သည် – အာနန္ဒာ

နောင်တော်ကြီးမင်းသားသည် ငါဘုရားဖြစ်လာ၏ ဟု ဇာတ်ပေါင်းတော်မူ၏။

❋ ❋ ❋ ❋ ❋



# နိဂုံး

ဤသို့လျှင်

ငါးရာငါးဆယ် နိပါတ်တော်ကြီးမှ ဖတ်ရှုမွယ်ရာ အသွယ်သွယ် လူကြီးလူငယ် အရွယ်မရွေး အလွယ်တကူ ဝယ်ယူကြည့်ရှုနိုင်ကြစေရန် ရည်သန် ထုတ်ဝေသော ငါးရာငါးဆယ် လက်ရွေးစင်များသည် အမှတ်စဉ် (၉) အထိ ပြုစုပြီးစီး အောင်မြင်ခဲ့ပါပြီ။

| | |
|---|---|
| အမှတ်(၁)တွင် | သစ္စာအဓိဋ္ဌာန်နှင့် မေတ္တာစွမ်းအားဇာတ်တော်များ ဇာတ်တော်ဝတ္ထုပေါင်း (၁၄) ပုဒ်။ |
| အမှတ်(၂)တွင် | သကြားမင်း၏ ခွေးနက်ကြီး ဝတ္ထုပါ ဇာတ်ဝတ္ထုပေါင်း (၂၀) ပုဒ်။ |
| အမှတ်(၃)တွင် | မိန်းမတို့အကြောင်း အဆိုးအကောင်း ဇာတ်ဝတ္ထုပေါင်း (၁၁) ပုဒ်။ |
| အမှတ်(၄)တွင် | သြော်မိန်းမ – သြော်မိန်းမ ဇာတ်ဝတ္ထုပေါင်း (၂၀) ပုဒ်။ |
| အမှတ်(၅)တွင် | သူ့ကျေးဇူး – ကိုယ့်ကျေးဇူး ဝတ္ထုများ ကျေးဇူးဆပ်သူ၊ ကျေးဇူးကန်းသူတို့ ဇာတ်ဝတ္ထုပေါင်း (၁၈) ပုဒ်။ |
| အမှတ်(၆)တွင် | ဘုရားအလောင်းတို့၏ (ပညာပါရမီ) ဇာတ်ဝတ္ထုပေါင်း (၉) ပုဒ်။ |

www.burmeseclassic.com

www.burmeseclassic.com

အမှတ်(၇)တွင် ၁။ ပညာဉာဏ်ကြီးသူများဝတ္ထု (၁၄) ပုဒ်

၂။ အစွဲအလမ်းကြီးသူများဝတ္ထု (၄) ပုဒ်

အမှတ်(၈)တွင် ဘုရားလောင်းတို့၏ (ဒါနပါရမီ၊ သီလပါရမီ) ဇာတ်ဝတ္ထုပေါင်း (၁၁) ပုဒ်

အမှတ်(၉)တွင် မိတ်ကောင်းဆွေကောင်းများအကြောင်း နှုတ်ကြမ်း၊ စိတ်ကြမ်း ရမ်းကားသူများအကြောင်း

စသည့် သင်ခန်းစာ ယှူဖွယ်များကို ရွေးချယ်ထုတ်နုတ် စီစဉ်ရေးသား ပြီးစီးခဲ့ပါပြီ။ တစ်အုပ်ပြီးတစ်အုပ် အစဉ်အတိုင်း ထွက်ရှိလာပါလိမ့်မည်။

ဤသို့ မိမိ ဖတ်ရမှတ်ရ၊ ဆည်းပူးခဲ့ရသော ဗဟုသုတကို လူတိုင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ကြရန် စေတနာ ရှေ့ရှု၍ ရေးသားပြုစုခဲ့ရာ ၁၉၈၉ – ခုနှစ်တွင် ထုတ်ဝေနိုင်ခဲ့ပါပြီ။ မည်သို့ပင်ဖြစ်စေ အများအကျိုး ရှိစေရန် မိမိ၏ ရည်သန်ချက် စေတနာ အောင်မြင် ထမြောက်ပြီဖြစ်၍ များစွာ ဝမ်းမြောက်ရပါကြောင်း။

ဦးလှခင် (ဆန်းညွန့်ဦး)

၁၉၈၉ – ခုနှစ်၊ ဇွန်လ၊ ၁၃၅၁ – ခု၊ နယုန်လ။



www.burmeseclassic.com